# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက် ၊ သောကြာနေ့ ၊ (31-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဓမ္မာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယကဓမ္မသမိဒ္ဓိကျောင်းဆရာတော်

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐



ကထိန်အလှူခံကျောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိန်ရာဇာသာသနာလင်္ကာရစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝဇိရပါဏီလင်္ကာရာဘိဝံသထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




ရတနာပုံ

၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်

**အယ်ဒီတာ့အာဘော်**

# နိုင်ငံတော်ကာကွယ်ရေး နိုင်ငံသားတိုင်းပါဝင်ပေး

နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်။ လက်ရှိတွင် ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ၊ ပြောင်းလဲလာသောကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများ၊ နိုင်ငံတွင်း အကြမ်းဖက်များ၏ လှုပ်ရှားမှုများနှင့် လုံခြုံရေးဆိုင်ရာအခြေအနေများကြောင့် နိုင်ငံတော်ကြီးပြိုကွဲထိခိုက်မသွားစေရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးစီးပွားများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းနေရန်မှာ ပဓာနကျလာသည်။ ထို့ကြောင့် ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာရေးအတွက် အရွယ်ရောက်သူနိုင်ငံသားတိုင်းက နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ကြရန် လိုပေသည်။

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်အသက်ဝင်စေခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေအကောင်အထည်ပေါ်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးအသိရှိသည့် နိုင်ငံသားများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကို ရေရှည်အာမခံနိုင်မည်ဖြစ်ပေသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၈) ထိ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်သကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅) ထိလည်း သင်တန်းဆင်းနိုင်ခဲ့ပြီး နိုင်ငံ့သားကောင်းစစ်သည်များကို မွေးထုတ်နိုင်ခဲ့ပြီဖြစ်သည်။ သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့်လည်း သင်တန်းတွင် စစ်ပညာသာမက အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အဖွဲ့အစည်းစိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့် နိုင်ငံချစ်စိတ်များ ရရှိခဲ့ကြပြီး တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

စစ်မှုထမ်းခြင်းမှ ရရှိလာမည့်အတွေ့အကြုံနှင့် အသိပညာများကြောင့် အနာဂတ်လူငယ်များ၏ ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်တွင်လည်း ရင်ဆိုင်ကြုံတွေ့လာရမည့်အခက်အခဲများစွာကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အထူးကောင်းမွန်သောလုပ်ငန်းစဉ်တစ်ခုပင်ဖြစ်သည်။ လူငယ်များသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားခြင်းဖြင့် မိမိကိုယ်ကို ယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ ထိုယုံကြည်မှုများဖြင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအားခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံသားတိုင်းတစ်ဦးချင်းစီက ကိုယ်စီတာဝန်သိစိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းကို တက်ကြွစွာ ပါဝင်ထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**၅၈**

**ရက်**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် အခြေခံပညာကျောင်းများသို့ သင်ထောက်ကူပစ္စည်းများ ပံ့ပိုး



**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အခြေခံပညာကျောင်းများသို့ သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် အလေးထားကာ ဖြည့်ဆည်း ဆောင်ရွက်ပေးနေကြောင်း၊ လိုအပ်သည့်သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနေသည့်အပြင် ကျောင်းလုပ်ငန်းသုံးပစ္စည်းများကိုလည်း ပံ့ပိုးပေးနေကြောင်း၊ ယခုပံ့ပိုးပေးအပ်သည့် သင်ထောက်ကူကျောင်းသုံးပစ္စည်းများမှာ စက်တင်ဘာ ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အသုံးပြုနိုင်ရန်အတွက် အခြေခံပညာကျောင်းများသို့ အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်၊ အနီရောင် လေးမျိုးပါ အမှိုက်ပုံးများခွဲဝေပေးအပ်သည့် အခမ်းအနားများတွင် ကျောင်းအုပ်ကြီးများမှ တင်ပြတောင်းခံခဲ့သည့် ကျောင်းသုံးပစ္စည်းများကို ပံ့ပိုးပေးအပ်ခြင်း ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ပညာသင်ကြားရေး လုပ်ငန်းစဉ်များ အောင်မြင်အောင်အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် လိုအပ်သည့် ကာလာပရင်တာများကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံသို့ပံ့ပိုးပေးအပ်ခဲ့ပြီး ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကျောင်းကုန်းမြို့နယ်တွင် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ပီလောပီနံ့ဥများ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင်ပီလောပီနံ့ဥများပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံ့ဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အရောင်းအဝယ်ဖြစ်နေတဲ့ ပီလောပီနံ့ဥတွေက အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ အခုလို ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေနဲ့ လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ပီလောပီနံ့ဥအပါအဝင် အခြားရာသီပေါ်သီးနှံများကိုလဲ စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါပီလောပီနံ့ဥများကို တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး ပီလောပီနံ့ဥတစ်ဧကလျှင် ငွေကျပ် ၃၇၀၀၀၀ ထိ ကုန်ကျစရိတ်ရှိကာ အကျိုးအမြတ်အနေဖြင့် အပျက်အစီးအလေအလွင့်မရှိပါက ငွေကျပ် ၉၀၀၀၀၀ ကျော်ထိ ရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၁ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်ကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ထွန်တုံးရပ်ကွက်နေ ဦးဘသာ-ဒေါ်မြစိန် သား၊ သမီး၊ မြေးမိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၈၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဝက်လက် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၆၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်း ၃၈၆၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဘုရားစုကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘုရားစုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဆောင်ရွက်ပြီး မြေသားရေကန်ကို အကျိုးရှိစွာ အသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဘုရားစုကျေးရွာ၌ အလျားပေ ၁၇၀၊ အနံ ပေ ၇၀၊ အနက် ငါးပေရှိ မြေသားရေကန်တိုးချဲ့ခြင်းလုပ်ငန်း၊ အမြင့် ငါးပေ၊ အရှည်ပေ ၃၈၀ ရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၁၃ ဒသမ ၈၆ သန်းဖြင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇွန် ၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့

**ကျိုက်လတ် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် ၆၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလအတွင်း ငါးပြေမပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ပြည်တွင်း ရန်ကုန်ဈေးကွက်ကို ပိဿာချိန် အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့ဩဂုတ်လကထက် ပိဿာချိန် တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာများပါတယ်။ အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရတာပေါ့"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသောငါးပြေမနှင့် မွေးမြူရေးငါးပြေမနှစ်မျိုး အများဆုံး ထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမအမျိုးအစားကို ထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လှျူကထိန်သက်န်းနဲ့ မဂ်လမ်းတဲ့ဆုပန်ရှယ် လတန်ဆောင်ဝယ်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

"သဒ္ဓါအားကြိုး ၊ မသိုးသင်္ကန်း၊ လှူရှင်လန်းသည်၊ ရဟန်းသံဃာ၊ အရိယာတို့၊ အောက်ထက်ကျော်ရှိန်၊ ပြည်ဆုချိန်သည်၊ ကထိန်လှူသင်္ကန်းတည့်လေ"

(အင်းဝခေတ်စာဆိုတော်ဦးအောင်ကြီး)

"လှူကထိန်သင်္ကန်းနဲ့ မဂ်လမ်းတဲ့ဆုပန်ရှယ်၊ သည်ချိန်ကိုဝတ်မှုန်ကြဲလို့၊ ခဝဲရွှေညှာရင်းမှာ၊ သင်းရနံ့ကြွယ်။ ကောင်းကင်လယ်၊ ထက်ဝယ်ဘုံဦး။ ရွှေလစန္ဒာနဲ့၊ ကြတ္တိကာကြယ်ရောင်ရွှန်းတယ်၊ ထွန်းထိန်လို့မြူး။ ။"

(ဖိုးသူတော်ဦးမင်း)

ဆီမီးမြိုင်မြိုင်လတန်ဆောင်တိုင်မှာ (၁) ကထိန်ပွဲ၊ (၂) မသိုးသင်္ကန်းကပ်လှူပွဲ၊ (၃) မီးထွန်းပွဲ၊ (၄) စတုဒိသာလှူဒါန်းပွဲ (နိဗ္ဗာန်စျေးပွဲတော်)၊ (၅)ပုံ့သကူအလှူဒါနပွဲ၊ (၆) တန်ဆောင်မုန်းလပြည့်နေ့တိုင်းကျင်းပပူဇော်လေ့ရှိကြသည့် **"သာမညဖလသုတ်အခါတော်နေ့"** ပူဇော်လှူဒါန်းပွဲ၊ (၇) ဆေးပေါင်းခသောညနှင့် (၈) ကျီးမနိုးပွဲ စသည့်ကုသိုလ်ဒါနသီလဆောက်တည်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများပါ ကျင်းပကြလေ့ရှိသည်။ အဓိကပွဲများမှာ အလှူဒါနပွဲများဖြစ်ကြသောကြောင့် လောဘ၊ ဒေါသ၊ မောဟများကင်းစင်နေကြပြီး မေတ္တာစေတနာများ ဝေဖြာနေကြကာ ဥပုသ်သီလဆောက်တည်ကြရာ အခါသမယဖြစ်သည်။

**ကထိန်ပွဲ**

တန်ဆောင်တိုင်၏အဓိကဘာသာရေးပွဲတော်မှာ **"ကထိန်ပွဲ"**ပင်ဖြစ်သည်။ ကထိန်ဟူသည်မှာ "ကထိန" ဟူသော ပါဠိဝေါဟာရမှဆင်းသက်လာပြီး **"မြဲမြံခိုင်ခံ့ခြင်း"**ဟု အဓိပ္ပာယ်ရသည်။ မြဲမြံခိုင်ခံ့ခြင်းအကျိုးတရား ငါးပါးကို ရရှိနိုင်သောကြောင့် ကထိန်ဟုသတ်မှတ်ထားခြင်းဖြစ်သည်။

**"သင်္ကန်းလှူရ၊ ကျိုးရှစ်ဝ"** ဟု သတ်မှတ်ထားရာ **"ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်ဝင်းစုံဝ၊ ထွန်းလင်းပ၏၊ မကသိန်းဖိုး၊ ပုဆိုး ရလေ၊ ညိုရွှေဖြူနီ၊ ဤရှစ်လီသည်၊ ကျမ်းညီ သင်္ကန်းလှူကျိုးတည်း"** ဟူ၍ဖြစ်သည်။ ထိုသို့ ရိုးရိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းထက် သီတင်းကျွတ် လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လအတွင်း တစ်ကျောင်းတွင် တစ်ကြိမ်သာလျှင် လှူဒါန်းခွင့်ရရှိသည့် ကထိန်သင်္ကန်းလှူဒါန်းရခြင်းက ပိုမို၍ထူးခြားသောကောင်းကျိုးငါးမျိုး (တစ်နည်းအားဖြင့်) ကထိန်သင်္ကန်း၏ အကျိုးငါးပါးကို ရရှိနိုင်သည်။

ကထိန်သင်္ကန်းကို ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသံဃာတော်များ ခံယူခွင့်ရှိကြပြီး ကထိန်သင်္ကန်း၏အကျိုးငါးပါးကိုလည်း ခံစားခွင့်ရသည်။

ထူးခြားအကျိုးငါးမျိုး (ဝါ) ကထိန်သင်္ကန်း၏ အကျိုးငါးပါးမှာ (၁) အချုပ်အချယ်အတားအဆီးမရှိ မိမိလိုရာအရပ်သို့လွတ်လပ်စွာသွားလာနိုင်ခြင်း၊ (၂) နိဗ္ဗာန်မရမီဘဝစပ်ကြား၌ ပြုလုပ်သောကိစ္စအဝဝတို့တွင် လွယ်ကူစွာပြုလုပ်နိုင်ခြင်း၊ (၃) မိမိ၌ဝတ်ဆင်၍မကုန်နိုင်လောက်အောင် အဝတ်တန်ဆာ၊ စည်းစိမ်ဥစ္စာတို့ပေါများပြီး မိမိကိုယ်တိုင်ချမ်းသာစွာသုံးစွဲနိုင်ခြင်း၊ (၄) မိမိစားသုံးသောအစားအစာများမှာပေါများ၍ အဆိပ်အတောက်အန္တရာယ်မရှိခြင်း၊ (၅) မိမိ၏စည်းစိမ်ဥစ္စာများ၊ ရန်သူမျိုးငါးပါးဘေးကြောင့် ပျက်စီးမှုမကြုံတွေ့ရခြင်း ဟူ၍ဖြစ်သည်။ အလွန်ပင် တန်ဖိုးရှိလှပါပေသည်။

ထို့ကြောင့် **"ဘုရားမှာစိန်၊ ကျောင်းမှာသိမ်၊ သင်္ကန်းမှာကထိန်၊ ဆွမ်းမှာပိဏ်"** ဟူ၍ ကထိန်သင်္ကန်းလှူဒါန်းရခြင်းသည် အမြတ်ဆုံးဖြစ်ကြောင်း ညွှန်းဆိုထားခြင်းဖြစ်သည်။

**❖ ထူးခြားအကျိုးငါးမျိုး (ဝါ) ကထိန်သင်္ကန်း၏ အကျိုးငါးပါးမှာ (၁) အချုပ်အချယ်အတားအဆီးမရှိ မိမိလိုရာအရပ်သို့လွတ်လပ်စွာသွားလာနိုင်ခြင်း၊ (၂) နိဗ္ဗာန်မရမီဘဝစပ်ကြား၌ ပြုလုပ်သောကိစ္စအဝဝတို့တွင် လွယ်ကူစွာပြုလုပ်နိုင်ခြင်း၊ (၃) မိမိ၌ဝတ်ဆင်၍ မကုန်နိုင်လောက်အောင် အဝတ်တန်ဆာ၊ စည်းစိမ်ဥစ္စာတို့ပေါများပြီး မိမိကိုယ်တိုင်ချမ်းသာစွာသုံးစွဲနိုင်ခြင်း၊ (၄) မိမိစားသုံးသောအစားအစာများမှာပေါများ၍ အဆိပ်အတောက်အန္တရာယ်မရှိခြင်း၊ (၅) မိမိ၏ စည်းစိမ်ဥစ္စာများ၊ ရန်သူမျိုးငါးပါးဘေးကြောင့် ပျက်စီးမှုမကြုံတွေ့ရခြင်းဟူ၍ဖြစ်သည်။ အလွန်ပင် တန်ဖိုးရှိလှပါပေသည်။ ❖**

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ဝါကျွတ်ချိန်တွင် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ပူဇော်ကြရန်အတွက် ပါဝေယျမြို့မှကြွလာတော်မူခဲ့ကြရာ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကြောင့် ရဟန်းတော်များကို မိုးရေများစိုရွှဲကုန်ကြသည်။ မိုးရေစိုရွှဲနေသော သင်္ကန်းများနှင့်ပင် ဘုရားရှင်ကိုဖူးမြော်ပူဇော်ခဲ့ကြရာ မြတ်ဗုဒ္ဓက ထိုရဟန်းများကို အကြောင်းပြုပြီး ပုရိမာဝါကပ်ခြင်းနှင့် ပြည့်စုံသောရဟန်းတော်တို့ကို ကထိန်ခင်း၍ သင်္ကန်းသုံးစွဲခွင့်ကို ပညတ်ပေးတော်မူခဲ့သည်။ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးသော ရဟန်းသံဃာတော်များကို ကထိန်သင်္ကန်းကပ်လှူခွင့်နှင့် သုံးစွဲခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။

**"ပဒုမမြတ်စွာဘုရားနှင့် ပဒုမုတ္တရမြတ်စွာဘုရားရှင်"**တို့၏ လက်ထက်ကတည်းက ကထိန်သင်္ကန်း ကပ်လှူခွင့်ပြုခဲ့ကြောင်း၊ ပဒုမဘုရားရှင်ကိုယ်တော်တိုင် သင်္ကန်းချုပ်ရာမှာ အပ်နဖားထိုး၍ အကူအညီပေးခဲ့ကြောင်း ဗုဒ္ဓစာပေအဋ္ဌကထာများတွင် မှတ်တမ်းတင်ထားသည်။

ကထိန်သင်္ကန်းများအပါအဝင် ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းအစုံပါဝင်သော ပဒေသာပင်မျိုးစုံကို အလှူရှင်များက ကျောင်းတိုက်အသီးသီးသို့ ပို့ဆောင်လှူဒါန်းကြလေ့ရှိသည်။ အချို့အလှူရှင်များကတော့ ဒေသအတွင်းမှာ ချောင်ကျပြီး ကထိန်ပွဲခင်းခွင့်မရရှာသော ကျောင်းများကိုသာရွေးပြီး ကထိန်ပွဲကို ဆိတ်ငြိမ်အေးချမ်းစွာ ကျင်းပကြသည်။ ထိုကထိန်ကို **"အေးကထိန်"**ဟု ခေါ်သည်။

**"ကထိန်ခင်းရန်၊ ထုတ်မိန့်ပြန်၊ သုံးတန်သင်္ကန်းမျိုး"**ဟု မြတ်ဗုဒ္ဓခွင့်ပြုတော်မူထားသော သင်္ကန်းသုံးမျိုးမှာ (၁) ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး (၂) ဧကသီခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် (၃) သင်းပိုင်ခေါ် ခါးဝတ်သင်္ကန်းတို့ဖြစ်ရာ ထိုသင်္ကန်းသုံးမျိုးစလုံး ဝိနည်းနှင့်ညီကြရသည်။

**မသိုးသင်္ကန်းကပ်လှူပွဲ**

**"ညတွင်းချင်းအပြီး ရက်လုပ်လှူဒါန်းသော ကထိန်လျာသင်္ကန်းကို မသိုးသင်္ကန်း"**ဟုခေါ်သည်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့)ညမှစ၍ တစ်ညလုံးပြီးစီးသည်ထိ အသင်းလိုက်၊ အစုအဖွဲ့လိုက်၊ ကုသိုလ်ဇောဖြင့် အပြိုင်အဆိုင် ရက်လုပ်ခဲ့ကြပြီး လပြည့်နေ့အရုဏ်တက်ချိန်တွင် မသိုးသင်္ကန်း ကပ်လှူပွဲကို ကျင်းပကြလေ့ရှိသည်။ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲများကို ရန်ကုန်မြို့မှ တန်ခိုးကြီးရွှေတိဂုံစေတီတော်ကြီးနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ စေတီဘုရားအနှံ့အပြားတွင် ကျင်းပခဲ့ကြကာ ကထိန်သင်္ကန်းများအဖြစ် ဆက်ကပ်လှူဒါန်းနေကြသည်။

**မီးထွန်းပွဲ**

**"ဆီးနှင်းတစ်သိုက် မိုးတစ်ပြိုက်"** **"ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း"** အခါသမယတွင် မိုးရာသီ၏ နိဂုံးလဝက်၁၅ ရက်ပါဝင်ပြီး ဆောင်းရာသီ၏ နိဒါန်းအစ လဝက် ၁၅)ရက်ပါဝင်သည်။ ထို့ကြောင့် **"စာဆိုဦးပုည"** က **"မိုးဝသန်ချိန်ဆုံးလို့၊ တန်ဆောင်မုန်းမြို့ထွာ၊ ဖဝါးနှစ်စွန်းခါဝယ်၊ ကြတ္တိကာကြယ်မင်း၊ ခဝဲပွင့်မာလာငယ်၊ သည်ချိန်ခါ မွှေးထုံပျံ့သင်း"**ဟု ဖွဲ့ဆိုခဲ့သည်။

**"ကဏ္ဍာသနိပါတ်၊ ဥမ္မာဒန္တီဇာတ်"** တွင် "သည်အချိန်ကာလ၊ သူရိယနေမင်းကြီးဝင်ခဲ့သော် စန္ဒာလမင်းသည် ထွန်းလင်းတောက်ပစွာ ထွက်ပေါ်လာတတ်သည်။ ဤကာလတွင် မိမိ၏တိုင်းပြည်ကို နတ်ပြည်ကဲ့သို့ တန်ဆာဆင်လျက် ခပ်သိမ်းသောအရပ်တို့၌ ဆီမီးများကို ထွန်းညှိကြကာ၊ အရိဋ္ဌပြည့်ရှင်ဘုရားလောင်းသိဝိမင်းကြီးသည် ကြတ္တိကာနက္ခတ်ပွဲသဘင်ခံတော်မူ၍ ဆီမီးထွန်းညှိကြသည်"ဟု ဖော်ပြထားရာ၊ မီးထွန်းပွဲတော်သည် မြတ်ဗုဒ္ဓလက်ထက်မတိုင်မီကတည်းက ကျင်းပနေခဲ့ကြောင်း အခိုင်အမာသက်သေခံနေသည်။

တန်ဆောင်မုန်းလ ဖြိစ္ဆာရာသီ၏ နက္ခတ်မှာ ကြတ္တိကာ၊ ရာသီရုပ်မှာ ကင်းမြီးကောက်ဖြစ်သည်။ ဒဟနီဆိုသော မီးနတ်ကစောင့်ကြပ်နေသည့် ကြတ္တိကာနက္ခတ်နှင့်ယှဉ်၍ လပြည့်သည်ဟု အဆိုရှိခဲ့သည်။ ဒဟနီမီးနတ်ကို မီးထွန်းပူဇော်ကြရာမှ တန်ဆောင်တိုင်မီးထွန်းပွဲတော် ပေါ်ပေါက်ခဲ့သည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။

မီးထွန်းပွဲတော်နှင့်ဆက်စပ်၍ မီးပုံးပျံပွဲများ၊ အခြားအထိမ်းအမှတ်ပွဲများ (ဥပမာ) ဇာတ်ပွဲ၊ စတိတ်ရှိုး၊ ပျော်ပွဲရွှင်ပွဲများနှင့် ဦးဘဂျမ်းကာတွန်းပြိုင်ပွဲများဖြစ်ကြသည်။

**စတုဒိသာလှူဒါန်းပွဲ (နိဗ္ဗာန်စျေးပွဲတော်)**

"တန်ဆောင်တိုင်ပွဲတော်နှင့်ယှဉ်တွဲ၍ လမ်းထဲ၊ ရပ်ကွက်ထဲလာသမျှ ကျားမ၊ အယုတ်အလတ်၊ ကြီးငယ်မရွေးကို စေတနာထက်သန်စွာ ပေးကမ်းလှူဒါန်း ကျွေးမွေးညှော်ခံကြခြင်းကို စတုဒိသာလှူဒါန်းပွဲ (နိဗ္ဗာန်စျေးပွဲတော်)ဟု ခေါ်သည်။ ပျော်စရာ၊ ချစ်စရာကောင်းလှသော တန်ဆောင်တိုင်ပွဲတော်၏ အလှတစ်မျိုးပင်ဖြစ်သည်။

**ပုံ့သကူအလှူဒါနပွဲ**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် မိမိတို့စွမ်းဆောင်နိုင်သမျှ ငွေ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်း၊ စားသောက်ဖွယ်ရာများကို အထုပ်တစ်ထုပ်စီသီးခြားထုပ်ပိုး၍ နေရာအနှံ့အပြားတွင် လျှို့ဝှက်စွာချထားခဲ့ရာ ကြုံတွေ့သူ မည်သူမဆိုရယူနိုင်ကြပါစေ၊ ထိုက်သူခံစားနိုင်ကြပါစေဟူသော စေတနာဒါနဖြင့် လှူဒါန်းကြခြင်းပင် ဖြစ်သည်။ အချို့သဒ္ဓါကြည်လင်စေတနာရှင်များက အဓိဋ္ဌာန်ဖြင့် နှစ်စဉ်လှူဒါန်းကြသည်။

**သာမညဖလသုတ်အခါတော်နေ့**

ဆီမီးမြိုင်မြိုင် လတန်ဆောင်တိုင်ကို များသောအားဖြင့် ကထိန်ပွဲများနှင့် မီးထွန်းပွဲများကျင်းပကြသည့်လဟုသာ အသိများစိတ်ဝင်စားကြသည်။ သာမညဖလသုတ်အခါတော်နေ့ ပူဇော်ပွဲကိုကား အသိနည်းခဲ့ကြသည်။ တကယ်တော့ ကျေးဇူးရှင်ဖခင်ကိုသတ်ခဲ့သည့် အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်ဗုဒ္ဓနှင့် သံဃာတော်များကို ဖူးမြော်တွေ့ဆုံပြီး အမှားကိုမြင်အမှန်ပြင်ကာ ကျွတ်တန်းဝင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

အဇာတသတ်မင်းသားသည် ဒေဝဒတ်နှင့်ပေါင်းပြီး ဖခင်ကိုသတ် မင်းလုပ်အုပ်ချုပ်နေရသော်လည်း အကုသိုလ်ကံ၏ရိုက်ခတ်မှုဒဏ်ကြောင့် စားမဝင် အိပ်မပျော်ဘဲ တုန်လှုပ်ချောက်ချားနေခဲ့သည်။ တစ်နေ့သော တန်ဆောင်မုန်းလပြည့်နေ့ညတွင် ထိုဝေဒနာဆိုးများပျောက်ကင်းစေရေးအတွက် အဘယ်မည်သောရဟန်းသံဃာ၊ ဗြဟ္မဏတို့ထံချဉ်းကပ်ရပါမည်နည်းဟု မိစ္ဆာဒိဋ္ဌိဆရာကြီးခြောက်ဦးကို မေးမြန်းခဲ့ရာ လိုလားသောအဖြေကိုမရခဲ့ပေ။ ထို့ကြောင့် နောက်ဆုံးတွင် ဆရာဇီဝက၏အကြံပြုလျှောက်တင်ချက်အရ ဇီဝက၏ သရက်ဥယျာဉ်တွင် ရဟန်းသံဃာတစ်ထောင့်နှစ်ရာငါးကျိပ်နှင့် သီတင်းသုံးနေတော်မူသော မြတ်ဗုဒ္ဓထံမှောက်သို့ ရောက်ရှိဖူးမြော်တွေ့ဆုံမေးမြန်းလျှောက်တင်ခဲ့ရာ ဘုရားရှင်က ရဟန်းဖြစ်ရခြင်းအကျိုး အဆင့်ဆင့်ပါသော **"သာမညဖလသုတ်တော်"**ကို သာဓကဥပမာများဆောင်ပြီး အဇာတသတ်မင်း နားလည်လက်ခံလာအောင် ဟောကြားတော်မူခဲ့သည်။

ထိုအခါ အဇာတသတ်မင်းသည် မြတ်ဗုဒ္ဓကို အလွန်ပင်ကြည်ညိုသွားကာ ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပသကာအဖြစ် သတ်မှတ်ပေးပါရန်နှင့် အဖကိုသတ်ခဲ့မိသောအပြစ်ရှိသည့် သား၊ ထိုအပြစ်ကို နောင်အခါစောင့်စည်းခြင်းငှာအပြစ်ဟု လက်ခံပေးတော်မူပါရန် လျှောက်ထားခဲ့ရာ မြတ်ဗုဒ္ဓ က လက်ခံတော်မူခဲ့သည်။ ဆရာအတင်မှားပြီး ဖခင်ကိုသတ်ခဲ့သည့် အယူလွဲကံကြီးထိုက်နေသူကို အမြင်မှန်ရအောင် စွမ်းဆောင်လမ်းပြနိုင်သော သာမညဖလသုတ်တော်ကို တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည်ကို ကြည်ညိုမြတ်နိုး၊ တန်ဖိုးထားပူဇော်သောအားဖြင့် **"သာမညဖလသုတ်အခါတော်နေ့"** အဖြစ် နှစ်စဉ်ပူဇော်ပွဲကျင်းပနေခဲ့ကြသည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၀၅၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၀၅၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် မတ်ပဲ ၂၈၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ဧက ၅၃၀၊ အရာတော်မြို့နယ်တွင် ၄၉ ဧကနှင့်ချောင်းဦးမြို့နယ်တွင် ၄၇၈ ဧက စုစုပေါင်း ၁၀၅၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မတ်ပဲ ၂၈၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်း မျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်း ကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

**ဆေးပေါင်းခသောည**

တန်ဆောင်မုန်းလတွင် ကောင်းကင်၌ နက္ခတ် တာရာများ စုံလင်လှသည့်အပြင် လပြည့်နေ့တွင် ဆေးပင်မျိုးစုံကိုစောင့်ရှောက်နေကြသော နတ်များသည် မဲဇလီပင်စောင့်နတ်သားကို လာရောက်ခစားကြသည်။

ထို့ကြောင့် လပြည့်နေ့တွင် မဲဇလီဖူးများကို သုပ်စားကြပါက ဆေးဖက်ဝင်သဖြင့် ရောဂါမျိုးစုံပျောက်ကင်းသည်ဟု ယူဆယုံကြည်ခဲ့ကြသည်။ တစ်မိသားစုချင်း မဲဇလီဖူးသုပ်စားရုံမျှမက မဲဇလီဖူးများများ သုပ်ကြပြီး ပတ်ဝန်းကျင်ကိုလည်း ဝေငှလှူဒါန်းလာခဲ့ကြသည်။ လပြည့်နေ့ညကိုလည်း **"ဆေးပေါင်းခသောည"** ဟု သတ်မှတ်ခဲ့ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ည၊ အချို့အရပ်မှာက လပြည့်ကျော် ၁ ရက်ညကို လူငယ်လူရွယ်များက ပျော်ပွဲရွှင်ပွဲညအဖြစ် သတ်မှတ်ကာ ပိုင်ရှင်နှင့်အိမ်ရှင်များ၏ ပစ္စည်းအမျိုးမျိုးကို ကမောက်ကမဖြစ်အောင် ကျီးမနိုးမီ၊ နေရာအမျိုးမျိုးမှာ ရွှေ့ပြောင်းထားကြကာ စနောက်ကြခြင်းဖြစ်သည်။

**ဒါနကုသိုလ်အစဉ်အလာ**

သာယာကြည်နူးဖွယ်ကောင်းလှသော လတန်ဆောင်တိုင်၏ ထူးခြားသောဝိသေသများသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ကောင်းမှုကုသိုလ် အထိုထိုနှင့် ချစ်စရာကောင်းလှသည့် မြန်မာ့ယဉ်ကျေးမှုများကို မြင်တွေ့ကြရပေလိမ့်မည်။ ထိုအစဉ်အလာကောင်းများကို သားအစဉ်၊ မြေးအဆက်၊ မြစ်အညွန့်၊ အခွန့်ရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်နေကြစေချင်လိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## နောက်ဆုံးပေါ်သစ် ထိုမှုးယစ်

\- ဖိုးနီကလေး နောင့်ညီထွေး
ညီထွေးရင်ထဲ ခုတိုင်စွဲသည့်
မင်းရဲကျော်စွာ မဟာသူရဲ
အံ့အဲချီးမြှောက် စံပြုလောက်သည်
အာဇာနည်လျှင်
သေရည်သေရက် မူးယစ်ဖျက်၍
ပျက်ခဲ့နောက်ဆုံး ဘဝရှုံးသည်
ထုံးဟောင်းသနစ် ရေးအဖြစ်ကို
ညီချစ်သတိ မူပါဘိ။

\- ထို့ပြင်မင်းလျှင် ပြန်၍မြင်သော်
တပင်ရွှေထီး ဘုန်းပင်ကြီးလည်း
လျော့လျည်းစည်းပျက် သေရည်ဖက်၍
ပျက်ခဲ့နောက်ဆုံး ဘဝရှုံးသည်
ထုံးဟောင်းသနစ် ရေးအဖြစ်ကို
ညီချစ်သတိ မူပါဘိ။

\- ဖိုးနီကလေး နောင့်ညီထွေး
ဟိုရှေးကာလ ချိန်မှစ၍
လောကလူသား သွေးအသားကို
စုပ်ဝါးမျိုပစ် ချေမှုန်းပစ်မည့်
မူးယစ်ဆေးမှာ ယနေ့ခါဝယ်
သူရာမက စွမ်းထက်လှ၍
မိဘနှင့်ခွဲ သေကွဲကွဲအောင်
လူထဲမဝင် ရုပ်သွင်ပျက်ယွင်း
အလှကင်းအောင်
သေမင်းဖိတ်စာ ဖြစ်ခဲ့ပါသော်
ရာဇဝင်ပျက် သမိုင်းပျက်အောင်
မျိုးဆက်လည်းတုံး လူမျိုးရှုံးအောင်
နောက်ဆုံးပေါ်သစ် ထိုမူးယစ်
မြင်ပါလေစ နောင့်ညီချစ်။

\- နောက်ဆုံးပေါ်သစ် ထိုမူးယစ်ကို
ညီချစ်စိတ်တွင် အဆိပ်ထင်လျက်
အပင်ကိုနုတ် အငုတ်မချန်
အမြစ်လှန်သော်
ထက်သန်နီစွေး ဇာတိသွေးဖြင့်
ဆေးခြောက်ဆေးဖြူ တို့ရန်သူဟု
အမှုကွန်းထိုး တပ်လှန့်နှိုးလော့
သို့နှိုးမှသာ ဘေးရန်ကွာလျက်
ကမ္ဘာအရှည် မြန်မာပြည်ဟု
အောင်စည်အောင်တိတ် အောင်နိမိတ်ဖြင့်
အောင်ရိပ်ဝေဖြာ လိမ့်မည်တကား။ ။

**မြင်းမူမောင်နိုင်မိုး**

## နိုင်ငံတကာ သတင်းများ

# ချုပ်ကလီးယားစွမ်းအင်သုံး ပိုဆီဒွန်တော်ပီဒိုလက်နက် အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း ရုရှားသမ္မတပြောကြား

**မော်စကို အောက်တိုဘာ ၃၀**

နျူကလီးယား စွမ်းအင်သုံး ပိုဆီဒွန်တော်ပီဒို လက်နက်စနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ရုရှားသမ္မတပူတင်က အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းစစ်မြေပြင်ဒဏ်ရာရ ရုရှားစစ်သည်များနှင့် မော်စကိုမြို့ ဆေးရုံတစ်ရုံ၌တွေ့ဆုံစဉ် ပိုဆီဒွန်တော်ပီဒိုလက်နက်စနစ် စမ်းသပ်မှုကို ရုရှားသမ္မတ ပူတင်က အတည်ပြု ကြေညာခဲ့ခြင်း ဖြစ်သည်။

ရုရှားရေတပ်အနေဖြင့် ပိုဆီဒွန်တော်ပီဒိုလက်နက်ကို အောက်တိုဘာ ၂၈ ရက်တွင် စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခကို အကြောင်းပြု၍ အမေရိကန်နိုင်ငံနှင့်ဆက်ဆံရေးတင်းမာနေချိန်တွင် ရုရှားနိုင်ငံက နျူကလီးယားစွမ်းအင်သုံး ပိုဆီဒွန်တော်ပီဒိုလက်နက်ကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် အောက်တိုဘာ ၂၁ရက်ကလည်း ဘူရီဗက်စနစ် အမည်ရှိ နျူကလီးယားစွမ်းအင်သုံး ခရုစ်ဒုံးကျည်တစ်မျိုးကိုလည်း အောင်မြင်စွာစမ်းသပ်ခဲ့သည်။

ပိုဆီဒွန်တော်ပီဒို လက်နက်သည် ရေအောက်၌ တစ်နာရီ ၁၈၅ ကီလိုမီတာအမြန်နှုန်းဖြင့် သွားလာနိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# လုဗ်ပြတိုက်ဖောက်ထွင်းမှုအတွက် လူ ငါးဦးကို ပြင်သစ်တာဝန်ရှိသူများ ထပ်မံဖမ်းဆီး

**ပဲရစ် အောက်တိုဘာ ၃၀**

ပဲရစ်မြို့ လုဗ်ပြတိုက် နန်းစဉ်အဖိုးတန်ရတနာများဖောက်ထွင်း ခိုးယူခံရမှုအတွက် အဓိကတရားခံအဖြစ် ယူဆရသူ အပါအဝင် လူ ငါးဦးကို ပြင်သစ်တာဝန်ရှိသူများက ထပ်မံဖမ်းဆီးထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြင်သစ်တာဝန်ရှိသူများအနေဖြင့် လုဗ်ပြတိုက်ဖောက်ထွင်းခံရမှုအတွက် သံသယရှိသူ ခုနစ်ဦးထိဖမ်းဆီးထားသော်လည်း ခိုးယူခံခဲ့ရသော နန်းစဉ်အဖိုးတန်ရတနာများကို ပြန်လည်ရယူနိုင်မှုမရှိသေးကြောင်း သိရသည်။

အောက်တိုဘာ ၁၉ ရက်တွင် ဖြစ်ပွားခဲ့သည့် လုဗ်ပြတိုက်ဖောက်ထွင်းမှုတွင် အမေရိကန်ဒေါ်လာ ၁၀၂သန်းတန်ဖိုးရှိ နန်းစဉ်အဖိုးတန်ရတနာများ ခိုးယူခံခဲ့ရသည်။

ပြင်သစ်တာဝန်ရှိသူများသည် ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း လုဗ်ပြတိုက်ဖောက်ထွင်းမှုနှင့်ပတ်သက်၍ သံသယရှိသူ အမျိုးသားနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားပြီး ဖြစ်သည်။

ယနေ့တွင် ထပ်မံဖမ်းဆီးထားသူ ငါးဦးထဲတွင် အဓိကတရားခံအဖြစ် ယူဆရသူတစ်ဦး ပါဝင်ကြောင်း ပြင်သစ်အစိုးရရှေ့နေများက ထုတ်ဖော်ပြောကြားထားသည်။

လုဗ်ပြတိုက် ဖောက်ထွင်းမှုအတွင်း ခိုးယူခံခဲ့ရသည့် နန်းစဉ်ရတနာရှစ်မျိုးထဲတွင် နပိုလီယံ-၁ ဘုရင်က ဇနီးဖြစ်သူကို လက်ဆောင်အဖြစ်ပေးခဲ့သော မြနှင့်စိန်များ စီခြယ်ထားသည့် ဘယက်တစ်လုံးလည်းပါဝင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




# တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ တွေ့ဆုံဆွေးနွေး



**ဘူဆန် အောက်တိုဘာ ၃၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ယနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် တရုတ်ထုတ်ကုန်ပစ္စည်းများအပေါ် ချမှတ်ထားသည့် အခွန်စည်းကြပ်မှုကို ၅၇ ရာခိုင်နှုန်းမှ ၄၇ ရာခိုင်နှုန်းသို့ လျှော့ချပေးရန် သမ္မတဒေါ်နယ်ထရမ့်က သဘောတူခဲ့ကြကြောင်း သိရှိရသည်။

အလားတူ အပြန်အလှန်အနေဖြင့် အမေရိကန်ပဲပိစပ်များဝယ်ယူမှုကိုပြန်လည်စတင်ရန်နှင့် မြေရှားသတ္တု ပြည်ပတင်ပို့မှု ကန့်သတ်ချက်များကိုလျှော့ချပေးရန် တရုတ်နိုင်ငံက သဘောတူထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့၏ ဘူဆန်ထိပ်သီးဆွေးနွေးပွဲမှာ နှစ်နာရီကျော် ကြာမြင့်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဂျပန်နိုင်ငံ၌ ၂၀၁၉ ခုနှစ်တွင် ကျင်းပခဲ့သည့် ဂျီ-၂၀ ထိပ်သီးညီလာခံ၌ နောက်ဆုံးတစ်ကြိမ် တွေ့ဆုံခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ် တောင်ကိုရီးယားနိုင်ငံ ယောင်ဂျူးမြို့၌ တွေ့ဆုံဆွေးနွေး

**ယောင်ဂျူး အောက်တိုဘာ ၃၀**

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် ဆာနာအိတာကာအီချီ တို့သည် တောင်ကိုရီးယားနိုင်ငံ ယောင်ဂျူးမြို့၌ ယနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။



လက်ရှိ ကမ္ဘာ့ကုန်သွယ်ရေး လောကအခြေအနေများအရ ဂျပန်နှင့်တောင်ကိုရီးယားတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ ရှေးယခင်ကထက် ပိုမိုခိုင်မာစေရန် လိုအပ်ကြောင်း ဂျပန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် တောင်ကိုရီးယားသမ္မတက ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် ယောင်ဂျူးမြို့၌ ကျင်းပသည့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံကာလ၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ယနေ့ဆွေးနွေးပွဲသည် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် တာကာအီချီတို့၏ ပထမဆုံးတွေ့ဆုံဆွေးနွေးမှု ဖြစ်သည်။

ဆာနာအိတာကာအီချီ သည် အောက်တိုဘာ ၂၁ ရက်တွင် ဂျပန်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသူဖြစ်သည်။

အေပက် ထိပ်သီးညီလာခံ ခရီးစဉ်သည် ဂျပန်ဝန်ကြီးချုပ် တာကာအီချီ၏ ပထမဆုံး တောင်ကိုရီးယားခရီးစဉ် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တူရကီယဲနိုင်ငံ အနောက်မြောက်ပိုင်း၌ ခုနစ်ထပ်အဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် လူလေးဦးသေဆုံး

**အင်ကာရာ အောက်တိုဘာ ၃၀**

တူရကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ဂျက်ဗီးမြို့၌ အောက်တိုဘာ ၂၉ ရက်က အထပ်ခုနစ်ထပ်အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ မိသားစုဝင်လေးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆောက်အအုံပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများအောက်၌ မိသားစုဝင် ငါးဦးပိတ်မိခဲ့ပြီး လေးဦးသေဆုံးခဲ့ရကြောင်း တူရကီယဲတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆောက်အအုံပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးသမား၆၂၇ဦးတို့က ရှာဖွေရှင်းလင်းရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်။

လက်ရှိအချိန်တွင် အဆောက်အအုံပြိုကျမှု နောက်ခံအကြောင်းရင်းများကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း တူရကီယဲတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါအဆောက်အအုံပြိုကျမှုသည် အနီးအနားတွင် တည်ဆောက်နေသော မြေအောက်ရထားဘူတာရုံစီမံကိန်းနှင့်ဆက်စပ်နေနိုင်ကြောင်း တာဝန်ရှိသူအချို့က ဝေဖန်ထားသည်။

ဂျက်ဗီးမြို့သည် မြောက်အနာတိုလီယန်အမည်ရှိ မြေအောက်ပြတ်ရွေ့ကြောပေါ်၌ တည်ရှိသည့်မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျီမောအာကာသနည်းပညာကုမ္ပဏီက ၂၀၂၆ ခုနှစ်တွင် အားရစ်ဒုံးပျံကို ဒုတိယအကြိမ်ထပ်မံလွှတ်တင်ရန် ကြိုးပမ်းမည်



**ကင်ဘာရာ အောက်တိုဘာ ၃၀**

သြစတြေးလျနိုင်ငံအခြေစိုက် ဂျီမော အာကာသနည်းပညာ ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်တွင် အားရစ်အမည်ရှိ ဒုံးပျံကို ဒုတိယ အကြိမ် ထပ်မံလွှတ်တင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

ဂျီမော အာကာသနည်းပညာ ကုမ္ပဏီသည် ယခုနှစ် ဇွန် ၂၉ ရက်တွင် အားရစ်ဒုံးပျံကို ကွင်းစလန်း ပြည်နယ် ဘိုဝန်အာကာသစခန်းမှ တစ်ဆင့် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အထက်ပါမစ်ရှင်မှာ အောင်မြင်မှုမရှိခဲ့ဘဲ လွှတ်တင်ပြီး စက္ကန့် ၄၀ အကြာတွင် အားရစ်ဒုံးပျံမှာ မြေပြင်ပေါ်ပြန်ပျက်ကျခဲ့ရကြောင်း၊ အားရစ်ဒုံးပျံ၏ ပထမဆုံးအကြိမ် စမ်းသပ်မှုအောင်မြင်ခြင်းမရှိခဲ့သော်လည်း မိမိတို့အနေဖြင့် ၂၀၂၆ ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံလွှတ်တင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ဂျီမောကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

လုပ်ငန်းစတင်ခါစ ဒုံးပျံကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ဒုံးပျံများကို ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ရေးအတွက် အနည်းဆုံး ပျမ်းမျှအားဖြင့် သုံးကြိမ်ထိ ကြိုးပမ်းရတတ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အားရစ်ဒုံးပျံ ဒုတိယအကြိမ် စမ်းသပ်လွှတ်တင်ရေးအတွက် ပစ်စင်သစ်ကို ဂျီမောကုမ္ပဏီက တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## Astrobotic ကုမ္ပဏီက ဒုတိယမြောက်လဆင်းယာဉ် လွှတ်တင်ရေးမစ်ရှင်ကို ၂၀၂၆ ခုနှစ် နွေရာသီထိ နောက်ဆုတ်ထား

**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် Astrobotic အာကာသနည်းပညာ ကုမ္ပဏီသည် ဒုတိယမြောက် လဆင်းယာဉ်လွှတ်တင်ရေးမစ်ရှင်ကို ၂၀၂၆ ခုနှစ် နွေရာသီထိ နောက်ဆုတ်ထားကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Astrobotic ကုမ္ပဏီသည် မူလက ဂရစ်ဖင်-၁ လဆင်းယာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် မလွှတ်တင်မီ ကြိုတင်ပြင်ဆင်စစ်ဆေးမှုများအပြည့်အဝပြုလုပ်နိုင်ရေးအတွက် ဂရစ်ဖင်-၁ လဆင်းယာဉ်ကို ၂၀၂၆ ခုနှစ် ဇူလိုင်လမှပင် လွှတ်တင်ရန် စီစဉ်ထားသည်ဟု Astrobotic ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



Astrobotic ကုမ္ပဏီသည် ဂရစ်ဖင်-၁ လဆင်းယာဉ်ကို စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

Astrobotic ကုမ္ပဏီသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလကလည်း Peregrine အမည်ရှိ လဆင်းယာဉ်ကို လွှတ်တင်ခဲ့ဖူးသည်။

သို့ရာတွင် Peregrine လဆင်းယာဉ်သည် လောင်စာရည်ယိုစိမ့်မှုပြဿနာကြောင့် လဆီသို့ မပျံသန်းနိုင်တော့ဘဲ မစ်ရှင်ပျက်ပြားခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## 31/ATLAS ကြယ်တံခွန်က အောက်တိုဘာ ၃၁ ရက်တွင် နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် အောက်တိုဘာ ၃၀**

31/ATLAS ကြယ်တံခွန်သည် အောက်တိုဘာ ၃၁ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ယနေ့တွင် ရေးသားတင်ပြထားသည်။

အောက်တိုဘာ ၃၁ ရက်တွင် 31/ATLAS ကြယ်တံခွန်သည် နေကို အနီးဆုံးမှတ်ဖြစ်သည့် မိုင်ပေါင်း ၁၂၅ သန်း အကွာမှ ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

နေနှင့်အနီးဆုံးမှတ်သို့ရောက်ရှိချိန်တွင် 31/ATLAS ကြယ်တံခွန်၏ လှုပ်ရှားမှုများမှာ အထွတ်အထိပ်သို့ ရောက်ရှိလာမည်ဖြစ်သော်လည်း ကမ္ဘာမြေပေါ်မှ တစ်ဆင့် အဆိုပါကြယ်တံခွန်ကို တွေ့မြင်နိုင်မည် မဟုတ်ကြောင်း သိရသည်။

သို့ရာတွင် နေအဖွဲ့အစည်းအတွင်းရှိ အာကာသယာဉ်မှူးများကမူ 31/ATLAS ကြယ်တံခွန်ကို စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်ကို စောင့်ကြည့် လေ့လာနိုင်မည့် အာကာသ ယာဉ်များထဲတွင် နာဆာ၏ ဆိုက်ခ်ီ အာကာသယာဉ်၊ ဂျူနိုအာကာသယာဉ်နှင့် လူစီ အာကာသယာဉ်များ ပါဝင်သည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## PCE ခေါ် ဓာတုပစ္စည်းတစ်မျိုးက အသည်းခြောက်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေ

**နယူးယောက် အောက်တိုဘာ ၃၀**

သန့်ရှင်းရေး လုပ်ငန်းသုံး ပစ္စည်းများတွင်ပါဝင်သည့် PCE ခေါ် ဓာတုပစ္စည်းတစ်မျိုးသည် အသည်းခြောက်ရောဂါ ဖြစ်ပွားမှုနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အသည်းရောဂါများသည် ပုံမှန်အားဖြင့် အရက်သောက်သုံးမှု၊ အဆီဓာတ်စုစည်းမှု သို့မဟုတ် အသည်းရောင်ဘီပိုး၊ စီပိုးများရှိနေမှုတို့ကြောင့် ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ကြောင်း သိရသည်။

သို့ရာတွင် သန့်ရှင်းရေးလုပ်ငန်းသုံး ပစ္စည်းများတွင် ပါဝင်သော Tetrachloroethylene (PCE) ခေါ် ဓာတုပစ္စည်းတစ်မျိုးနှင့် ထိတွေ့မှုကြောင့် အသည်းခြောက်ရောဂါဖြစ်ပွားနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် PCE ဓာတုပစ္စည်းနှင့် ထိတွေ့နေကြရသော အရွယ်ရောက်သူ ၁၆၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို စူးစမ်းလေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ သွေးလည်ပတ်မှုစနစ်အတွင်း PCE ဓာတုပစ္စည်းပါဝင်မှု မြင့်မားသူများ၌ အသည်းခြောက်ရောဂါ ဖြစ်ပွားနိုင်ခြေမှာ ပုံမှန်ထက် ငါးဆမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

PCE ဓာတုပစ္စည်းကို ကင်ဆာရောဂါဖြစ်ပွားစေနိုင်သည့် ဓာတုပစ္စည်းအဖြစ် နိုင်ငံတကာ ကင်ဆာရောဂါသုတေသနအင်စတီကျုက သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေကို လျှော့ချရေးအတွက် အမျိုးသားများက အမျိုးသမီးများထက် လေ့ကျင့်ခန်း ပိုလုပ်ရန်လို

**ပေကျင်း အောက်တိုဘာ ၃၀**

နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချရေးအတွက် ကြိုးပမ်းရာတွင် အမျိုးသားများသည် အမျိုးသမီးများထက် လေ့ကျင့်ခန်း ပိုလုပ်ရန် လိုအပ်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ ရှားပင်းတက္ကသိုလ်မှ သုတေသန ပညာရှင်များသည် အရွယ်ရောက်သူ ဦးရေ ၈၀၀၀၀ ကျော်တို့၏ လေ့ကျင့်ခန်းပြုလုပ်မှုဆိုင်ရာ အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အမျိုးသမီးများအနေဖြင့် သီတင်းတစ်ပတ်လျှင် လေ့ကျင့်ခန်းပြုလုပ်ချိန် မိနစ် ၂၅၀ ကျော်ထိရှိပါက နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း၊ အမျိုးသားများအနေဖြင့် သီတင်းတစ်ပတ်လျှင် လေ့ကျင့်ခန်းပြုလုပ်ချိန် မိနစ် ၅၃၀ ထိရှိမှသာ နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း သိရသည်။

သို့ရာတွင် လေ့ကျင့်ခန်းပြုလုပ်ခြင်း၏ အကျိုးကျေးဇူးကို အမျိုးသမီးများက အမျိုးသားများထက် အဘယ်ကြောင့်ပိုမိုခံစားရသည်ကို သုတေသန ပညာရှင်များက ရှင်းပြနိုင်ခြင်း မရှိသေးကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Russia Today**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ဇန်နဝါရီအပြောင်းအရွှေ့တွင် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာမည်ဟု ပါကွီတာ ပြောကြား

**လန်ဒန် အောက်တိုဘာ ၃၀**

အက်ဖ်အေ၏ စုံစမ်းစစ်ဆေးမှုများဖြင့် ကာလရှည်ရင်ဆိုင်ခဲ့ရသည့် ကွင်းလယ်ကစားသမား ပါကွီတာသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပါကွီတာသည် လောင်းကစားမှုဖြင့် အက်ဖ်အေ၏ စုံစမ်းစစ်ဆေးမှုကြောင့် ကာလရှည်ရင်ဆိုင်ခဲ့ရသော်လည်း စစ်ဆေးမှုတွင် ပူးပေါင်းပါဝင်ပေးခဲ့ရာ ဇူလိုင်လက အပြစ်မရှိကြောင်း ထုတ်ပြန်ခဲ့ပြီးနောက် အသင်းနှင့်အတူ ပြန်လည်ပူးပေါင်းကာ ခြေစွမ်းပြသနိုင်ခဲ့သည်။

ပါကွီတာကို နွေရာသီအပြောင်းအရွှေ့ကာလ မပိတ်သိမ်းခင်ကလည်း အေဗီလာအသင်းကခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ဝက်စ်ဟမ်းအသင်းက ငြင်းဆိုခဲ့သောကြောင့် အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့ရပြီး အသင်းတွင် ဆက်လက်ကစားခဲ့ရသည်။

လက်ရှိတွင် ပါကွီတာသည် မွေးရပ်မြေကလပ် ဖလာမင်ဂိုအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေပြီး ၎င်းကိုယ်တိုင်ကလည်း ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပါကွီတာသည် ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပွဲဦးထွက် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၁ ပွဲထိ ပါဝင်ကစားခွင့်ရခဲ့ပြီး အသင်းကွင်းလယ်ပိုင်းတွင် အဓိက ကစားသမားတစ်ဦးဖြစ်လာသောကြောင့် မန်စီးတီးအသင်း၏ ခေါ်ယူရန် ကမ်းလှမ်းမှုခံခဲ့ရသော်လည်း လောင်းကစားမှုတွင် ပါဝင်ပတ်သက်မှုကြောင့် မန်စီးတီးအသင်းက ခေါ်ယူခဲ့ခြင်းမရှိကြောင်း သိရသည်။

ယခုရာသီတွင် ပါကွီတာသည် ပြိုင်ပွဲစုံ ၁၀ ပွဲ ကစားခဲ့ရာတွင် သုံးဂိုးသွင်းယူ ခြေစွမ်းပြနိုင်သောကြောင့် ထိပ်သီးကလပ် အသင်းများက စိတ်ဝင်စားမှု များပြားလာချိန်တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : ML




### အားကစားသတင်းအတိုအထွာများ

- စကော့တလန်ကလပ် ဆဲလ်တစ်အသင်းက နည်းပြရော်ဂျာကို ထုတ်ပယ်ခဲ့ပြီးနောက် နော်တင်ဟမ်အသင်းနှင့် လမ်းခွဲထားသည့် နည်းပြပိုစတီကိုဂလူကို ခန့်အပ်ရန်ကြိုးပမ်းနေကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းက ချဲလ်ဆီးအသင်းထံမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တိုက်စစ်ကစားသမား ဂျက်ဆင်ကို အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူမည်မဟုတ်ဘဲ ရာသီအကုန်တွင် ချဲလ်ဆီးအသင်းထံ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဘာစီလိုနာအသင်းက အယ်အေအက်ဖ်စီအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဆွန်ဟောင်မင်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ML

## အင်္ဂလန်ဘောလုံးလောကတွင် တစ်လအတွင်း ပေးဂိုးမရှိဘဲ ခြောက်ပွဲဆက် အနိုင်ရရှိခဲ့သည့် ပထမဆုံးကလပ်အသင်းအဖြစ် အာဆင်နယ်အသင်း မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၃၀**

အာဆင်နယ် အသင်းသည် ကွာရာဘောင်းဖလား ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် အင်္ဂလန် ဘောလုံးလောကတွင် တစ်လအတွင်း ပေးဂိုးမရှိဘဲ ခြောက်ပွဲဆက် အနိုင်ရရှိခဲ့သည့် ပထမဆုံး ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။




အာဆင်နယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ နည်းပြ အာတီတာ လက်အောက်တွင် အကောင်းဆုံးပုံစံ ရှိနေပြီး အောက်တိုဘာလအတွင်း ကစားခဲ့သည့် ပြိုင်ပွဲစုံ ခြောက်ပွဲဆက် အနိုင်ရရှိခဲ့သည့်အပြင် အသင်း ခံစစ်ပိုင်းကလည်း တစ်ဂိုးမျှမပေးခဲ့ရသည်ထိ အကောင်းဆုံးပုံစံရရှိခဲ့ပြီးနောက် အင်္ဂလန်ဘောလုံးလောကတွင် တစ်လအတွင်း ပေးဂိုးမရှိဘဲ ခြောက်ပွဲဆက် အနိုင်ရရှိခဲ့သည့် ပထမဆုံး ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန် အသင်းသည် အာဆင်နယ်အသင်းကို နောက်ဆုံး ပြိုင်ပွဲစုံ သုံးပွဲဆက် မရှုံးနိမ့်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သည့်အပြင် ကွာရာဘောင်းဖလား ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အလားတူ အာဆင်နယ်အသင်းနှင့်အတူ ပွဲထွက်လာခဲ့သည့်လူငယ် ကစားသမား မက်ဒေါင်းသည်လည်း အသက် ၁၅ နှစ်နှင့် ၃၀၂ ရက်သာ ရှိသေးသည့်အတွက် အသင်း သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ပွဲထွက်ခွင့်ရရှိခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ကွာရာဘောင်းဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် လန်ဒန်ကလပ်အသင်းအများစု ထိပ်တိုက်တွေ့ဆုံနေ

**လန်ဒန် အောက်တိုဘာ ၃၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွာရာဘောင်းဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် လန်ဒန်ကလပ်အသင်းအများစု ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

၁၆ သင်း အဆင့်ရှုံးထွက်အဆင့်တွင် လန်ဒန်မြို့ခံအသင်းဖြစ်သည့် ပဲလေ့စ်အသင်းက လီဗာပူးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ဘရိုက်တန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် လန်ဒန်မြို့ခံ ပြိုင်ဘက် အာဆင်နယ်အသင်းနှင့် တွေ့ဆုံလျက်ရှိသည်။

စပါးအသင်းကို အနိုင်ရခဲ့သည့် နယူးကာဆယ်အသင်းက ဝိုင်ကွမ်ဘီအသင်းကို အနိုင်ရခဲ့သည့် လန်ဒန်မြို့ခံအသင်း ဖူလ်ဟမ်နှင့်လည်းကောင်း၊ ဝီဟမ်းအသင်းကို အနိုင်ရခဲ့သည့် ကာဒစ်အသင်းက လန်ဒန်မြို့ခံအသင်း ချဲလ်ဆီးအသင်းနှင့်လည်းကောင်း၊ ဆွမ်ဆီးအသင်းကို အနိုင်ရခဲ့သည့် မန်စီးတီးအသင်းက လန်ဒန်ကလပ် ဘရန့်ဖို့ဒ်အသင်းနှင့် လည်းကောင်း ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

ကွာရာဘောင်းဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဒီဇင်ဘာ ၁၇ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ပြီး အာဆင်နယ်အသင်း၊ နယူးကာဆယ်အသင်း၊ မန်စီးတီးအသင်း၊ ချဲလ်ဆီးအသင်းတို့က ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ရန် အခွင့်အရေးများနေကြောင်း သိရသည်။ Ref : Fotmob

Trs : ML

## ဘောလုံးရာသီအစ ပြိုင်ပွဲစုံ ၁၄ ပွဲဆက်နိုင်ပွဲရခဲ့သည့် အသင်းအဖြစ် ဘိုင်ယန်မြူးနစ်အသင်း မှတ်တမ်းဝင်

**မြူးနစ် အောက်တိုဘာ ၃၀**

ဂျာမန်ပိုကယ်ဖလား ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကိုလုံးအသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဥရောပ ထိပ်သီးကလပ် အသင်းများတွင် ဘောလုံးရာသီအစ ပြိုင်ပွဲစုံ ၁၄ ပွဲဆက်နိုင်ပွဲရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။




ယခင်က အီတလီစီးရီးအေ ကလပ် အေစီမီလန်အသင်းသည် ၁၉၉၂-၁၉၉၃ ဘောလုံးရာသီက ရာသီအစပြိုင်ပွဲစုံ ၁၃ ပွဲဆက် နိုင်ပွဲရခဲ့ပြီးနောက် ၎င်း၏ စံချိန်ကို ကျော်ဖြတ်နိုင်ခြင်း မရှိသေးဘဲ ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းက ပြိုင်ပွဲစုံ ၁၄ ပွဲဆက်တိုက် နိုင်ပွဲရခဲ့သဖြင့် အေစီမီလန်အသင်း၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့သော်လည်း ပွဲကစားချိန် ၃၁ မိနစ်တွင် ကိုလုံးအသင်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် နည်းပြ ကွန်ပနီက ချေပဂိုးရရှိရေး ပြန်လည်ကြိုးပမ်းခဲ့ရာ ပွဲကစားချိန် ၃၆ မိနစ်တွင် လူးဝစ်ဒီယက်ဇ်၊ ပွဲကစားချိန် ၃၈ မိနစ်တွင် ဟယ်ရီကိန်းတို့၏ သွင်းဂိုးများဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဘိုင်ယန်မြူးနစ်အသင်းကသာ ဆက်တိုက် ဖိအားပေးမှုများ ပြုလုပ်နိုင်ခဲ့သောကြောင့် ပွဲကစားချိန် ၆၄ မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲကစားချိန် ၇၂ မိနစ်တွင်အိုလီဆီတို့က ဦးဆောင်ဂိုးများ ဆက်တိုက် သွင်းယူနိုင်ခဲ့သဖြင့် လေးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး စံချိန်ကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲကို မာရီစပန်ဆာနှင့်ထိုးသတ်ရန် အကောင်းဆုံးပြင်ဆင်ထားကြောင်း အမေရိကန်လက်ဝှေ့မယ် မီကဲလာ ပြောကြား




**ဝါရှင်တန် အောက်တိုဘာ ၃၀**

WBO အမျိုးသမီးဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့မယ် မီကဲလာသည် WBA လိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကနေဒါလက်ဝှေ့မယ် မာရီစပန်ဆာနှင့် ထိုးသတ်သွားမည့် စိန်ခေါ်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်ထားကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မီကဲလာသည် မာရီစပန်ဆာနှင့် WBA စူပါဝဲလ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ထိုးသတ်မည်ဖြစ်ပြီး အနိုင်ရရှိပါက မတူညီသော ဝိတ်တန်းသုံးခု၏ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရမည်ဖြစ်သည်။

အမျိုးသမီး လက်ဝှေ့လောက၏ အကောင်းဆုံးပွဲ ဖြစ်လာနိုင်သည့် ပွဲစဉ်အဖြစ် ထင်ကြေးပေးခံထားရသည့် ပွဲစဉ်လည်းဖြစ်သည်။

မီကဲလာအနေဖြင့် ကစားသမားဘဝမှ အနားယူမည် အမျိုးသမီး လက်ဝှေ့လောက၏ အကောင်းဆုံး စိန်ခေါ်ပွဲတစ်ပွဲကို ထိုးသတ်ချင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မီကဲလာက "လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် အကောင်းဆုံးစိန်ခေါ်ပွဲအဖြစ် သတ်မှတ်ခံရမဲ့စိန်ခေါ်ပွဲကို ထိုးသတ်ခွင့်ရဖို့ ဆန္ဒရှိနေခဲ့တယ်။ မာရီစပန်ဆာနဲ့ ပွဲစဉ်ဟာ ကျွန်မလိုချင်နေတဲ့ ပွဲစဉ်မျိုးဖြစ်ပါတယ်။ နှစ်ယောက်လုံးက ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ထားသလို နှစ်ယောက်စလုံး ထိုးသတ်နေတဲ့ ဝိတ်တန်းမှာ မဟုတ်ဘဲ တခြားဝိတ်တန်းမှာ ထိုးသတ်မဲ့ပွဲစဉ်ဖြစ်လို့လဲ စိတ်လှုပ်ရှားမိပါတယ်။ တကယ့်ကို အရေးပါတဲ့ စိန်ခေါ်ပွဲ တစ်ပွဲဖြစ်ပြီးတော့ မတူညီတဲ့ ဝိတ်တန်းသုံးခုရဲ့ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရမဲ့ အခွင့်အရေးကို ပိုင်ဆိုင်ခွင့်ရမှာလဲဖြစ်ပါတယ်။ တကယ်တော့ လောရင်ပရိုက်နဲ့ ပြိုင်ဘက်ကင်း ချန်ပီယံခါးပတ်အတွက် ထိုးသတ်သွားချင်ခဲ့တာပါ။ ဒါပေမဲ့လဲ ဒီနှစ်မှာတော့ မဖြစ်နိုင်တော့ပါဘူး။ မာရီစပန်ဆာနဲ့ပွဲစဉ်မှာ ရလဒ်ကောင်းရဖို့လဲ မျှော်လင့်ပါတယ်။ မာရီစပန်ဆာကိုအနိုင်ယူပြီးရင် လာမဲ့နှစ် လောရင့်ပရိုက်နဲ့ ထိုးသတ်နိုင်ဖို့ ကြိုးစားသွားမှာပါ" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL

## Maybank Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ချွေဟောဂျင် ဦးဆောင်

**ကွာလာလမ်ပူ အောက်တိုဘာ ၃၀**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပနေသည့် Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ချွေဟောဂျင်က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

စကော့တလန် ဂေါက်သီးရိုက်မယ် ဒရိုင်းဘတ်နှင့် အီတလီ ဂေါက်သီးရိုက်မယ် မိုရက်ကိုတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ထားနိုင်ခဲ့သည်။

ဩစတြေးလျဂေါက်သီးရိုက်မယ် ဟန်နာဂရင်းအပါအဝင် ပြိုင်ပွဲဝင် ခုနစ်ဦးထိက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေကြောင်း သိရသည်။

ချွေဟောဂျင်သည် ပထမနေ့တွင် Bogey Free ရခဲ့ပြီး ချန်ပီယံလက်စွမ်းမျိုး ပြသနိုင်ခဲ့သည်။

ချွေဟောဂျင်က "ကျင်းတိုင်းမဟုတ်ရင်တောင် ကျင်းတော်တော်များများမှာ အကောင်းဆုံးကစားနိုင်ခဲ့တယ်။ တချို့ကျင်းမှာတော့ကျင်းစိမ်တာ အမှားအယွင်းလေးတချို့တော့ ရှိခဲ့ပါတယ်။ ခြုံကြည့်ရင် ပထမနေ့ကတော့ တော်တော်လေးကို ကောင်းအောင် ကစားနိုင်ခဲ့ပါတယ်။ ကျွန်မအတွက် ဒီပြိုင်ပွဲဟာ ငါးပွဲဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတစ်ရပ်လဲဖြစ်တယ်။ ပွဲဆက်များနေတော့ ပွဲပန်းဒဏ်တော့ရှိပါတယ်။ နောက်ထပ်နေ့တွေမှာ အကောင်းဆုံးကစားနိုင်ဖို့အတွက်တော့ ကောင်းကောင်းအနားယူဖို့တော့ လိုအပ်နေတယ်။ ကြံ့ခိုင်မှုအပြည့်နဲ့ ကစားနိုင်မှ လိုချင်တဲ့ရလဒ်မျိုး ရရှိမှာလဲဖြစ်ပါတယ်။ နောက်တစ်ချက်က ဖိအားကင်းဖို့လဲ လိုအပ်တယ်။ ဖိအားကင်းကင်းနဲ့ ကစားနိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : NST

Trs : AZL

## မန်ယူအသင်းက ကွင်းလယ်ကစားသမားဟောင်း တွမ်မီနေးကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေ

**မန်ချက်စတာ အောက်တိုဘာ ၃၀**

မန်ယူအသင်းက လိုအပ်ချက်များရှိနေသည့် အသင်း ကွင်းလယ်ပိုင်းအတွက် ကစားသမားဟောင်း တစ်ဦးဖြစ်သည့် တွမ်မီနေးကို ပြန်လည် ခေါ်ယူရန်အတွက် ကြိုးပမ်းနေကြောင်း သိရသည်။

တွမ်မီနေးသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ နာပိုလီအသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီက တွမ်မီနေးသည် နာပိုလီအသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ နာပိုလီအသင်း အီတလီစီးရီးအေ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမား တစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး အီတလီစီးရီးအေ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကိုပင် ရရှိခဲ့သူဖြစ်သည်။

တွမ်မီနေးသည် နာပိုလီအသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသော်လည်း အီတလီနိုင်ငံတွင် အဆင်မပြေဖြစ်နေသည့်အတွက် အင်္ဂလန်နိုင်ငံသို့ပြန်လည်ပြောင်းရွှေ့ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း အသင်း ကွင်းလယ်ပိုင်းလိုအပ်ချက်ကြောင့် တွမ်မီနေးကို ပြန်လည်ခေါ်ယူလိုနေပြီး မန်ယူအသင်းနှင့်အပြိုင် စပါးအသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဂျန်နစ်ဇ်ခ်ဆင်နာ တက်ရောက်

**ပဲရစ် အောက်တိုဘာ ၃၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဇ်ခ်ဆင်နာနှင့် ဘယ်လ်ဂျီယံ တင်းနစ်ကစားသမား ဇီဇူးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ဇ်ခ်ဆင်နာက (၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ဇ်ခ်ဆင်နာသည် ပြိုင်ပွဲကို ဒုတိယအဆင့်မှစတင်၍ ယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်ပြီး ဗိုလ်စွဲရန် ရေပန်းစားနေသည့် အတိုင်း အကောင်းဆုံး စွမ်းဆောင်ပြနိုင်ခဲ့သည်။

ဂျန်နစ်ဇ်ခ်ဆင်နာအတွက် Hard-court တွင် ၂၂ ပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဇီဇူးသည် ဘယ်လ်ဂျီယံ အဆင့်(၁) တင်းနစ်ကစားသမားတစ်ဦးဖြစ်သော်လည်း ဂျန်နစ်ဇ်ခ်ဆင်နာကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အမှားများခဲ့ပြီး ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ဇ်ခ်ဆင်နာက "ပွဲငယ်နှစ်ပွဲစလုံးမှာ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ လှုပ်ရှားမှုတိုင်းကလဲ အကောင်းဆုံး ပုံစံမှာရှိခဲ့ပါတယ်။ Hardcourt ကွင်းတွေမှာ ကစားရတာကိုသဘောကျတယ်။ ကျွန်တော်ကစားချင်တဲ့ ပုံစံအတိုင်း ပုံဖော်နိုင်ဖို့အတွက် Hardcourt ကွင်းက အကောင်းဆုံးပါပဲ။ ပထမပွဲငယ်မှာတော့ နည်းနည်းလေး အခက်တွေ့ခဲ့တယ်။ ဒါပေမဲ့လဲ အခက်အခဲတွေကို အကောင်းဆုံးကျော်ဖြတ်နိုင်ခဲ့ပြီးတော့ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အဓိကကတော့ ယုံကြည်မှုတွေ မြင့်တက်နေတဲ့အတွက် ရလဒ်ကောင်း ရအောင် ကစားနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျန်နစ်ဇ်ခ်ဆင်နာသည် တတိယအဆင့်တွင် အာဂျင်တီးနား တင်းနစ်ကစားသမား စီရင်ဒိုလိုနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Ubi Tennis

Trs : AZL

## ရီးရဲလ်မက်ဒရစ်အသင်းက အနာဂတ်မရေမရာဖြစ်နေသည့် ဗင်နီစီးယက်စ်၏နေရာတွင် ဟာလန်းနှင့် ပြန်လည်အစားထိုးရန်ပြင်ဆင်

**မက်ဒရစ် အောက်တိုဘာ ၃၀**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဗင်နီစီးယက်စ်၏နေရာတွင် မန်စီးတီးအသင်းမှ ဟာလန်းနှင့် ပြန်လည်အစားထိုးရန်ပြင်ဆင်နေကြောင်း သိရသည်။



ဗင်နီစီးယက်စ်သည် အစောပိုင်းနှစ်များက ရီးရဲလ်မက်ဒရစ် အသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုပင် ရရှိနိုင်ရန် နီးစပ်ခဲ့သည်။

သို့သော် နည်းပြအလွန်ဆိုလက်အောက်တွင် အဆင်မပြေမှုများရှိလာခဲ့ပြီး အယ်ကလက်စီကိုပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ပွဲစဉ်တွင်လည်း လူစားလဲခံရသည့် အချိန်တွင် နည်းပြအလွန်ဆိုကို နှုတ်ဆက်ခြင်းမရှိခဲ့ဘဲ တင်းမာမှုများရှိခဲ့သည်။

အဆိုပါပွဲစဉ်အပြီးတွင် နည်းပြအလွန်ဆိုက ဗင်နီစီးယက်စ်နှင့် ပြဿနာကို ရှင်းလင်းသွားမည်ဟု ပြောကြားခဲ့ပြီး ဗင်နီစီးယက်စ်ကလည်း ပြန်လည်တောင်းပန်မှုများ လုပ်ဆောင်ခဲ့သည်။

အစောပိုင်းကတည်းက နည်းပြအလွန်ဆိုက ၎င်းစိတ်ကြိုက်ကစားသမားဖြစ်သည့် ဟာလန်းကို ခေါ်ယူလိုနေပြီး ဗင်နီစီးယက်စ်အနေဖြင့် အနာဂတ် ပိုမိုမရေမရာဖြစ်လာခဲ့ပြီးနောက် ဟာလန်းကို ခေါ်ယူရန် အရှိန်မြှင့်လုပ်ဆောင်လာဖွယ်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# တိုးချဲ့စိုက်ပျိုးဝင်ငွေတိုးကာ နိုင်ငံတော်ရွှေသီးစေမှာ ပဲရာဇာ

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မြန်မာတို့ ပဲနီကလေးဟုခေါ်သည့် ပဲရာဇာသည် မြန်မာတို့၏ နေ့စဉ် စားသောက်ဖွယ်ရာများတွင် ပဲဟင်းချို၊ ပဲပြုတ်၊ သုပ်စားခြင်း၊ ဟင်းချိုချက်ခြင်းနှင့် အတို့အမြှုပ်များအဖြစ် အဓိကစားသုံးကြသည်။ မြန်မာနိုင်ငံတွင် ပဲရာဇာကို နေရာအနှံ့အပြားတွင် ဈေးနှုန်းချိုသာသော အာဟာရပြည့် အစားအစာ အဖြစ် စားသုံးကြသည်။ ကျေးလက်ဒေသများတွင် ပဲရာဇာကို ပရိုတင်းအရင်းအမြစ်အဖြစ် သုံးစွဲကြပြီး သက်သတ်လွတ်စားသုံးသော ပုဂ္ဂိုလ်များသည်လည်း ပဲရာဇာကို အဓိကထားစားသုံးကြသည်။

ပဲရာဇာသည် ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ ဖောလိတ်ဓာတ်နှင့် သံဓာတ်ကြွယ်ဝပြီး ကျန်းမာရေး အတွက် များစွာအထောက်အကူပြုသည်။ နှလုံး ကျန်းမာရေးကောင်းမွန်စေခြင်း၊ သွေးတွင်း သကြား ဓာတ် ထိန်းညှိပေးခြင်း၊ အစာခြေစနစ် ကောင်းမွန်စေ ခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် စားသုံးမှုမြင့်မား လျက်ရှိသည်။ ပဲရာဇာ၏ ကျန်းမာရေးအကျိုးကျေးဇူး များကြောင့် နိုင်ငံတကာတွင် ဝယ်လိုအားမြင့်မား လျက်ရှိပြီး ပဲရာဇာစိုက်ပျိုးမှုသည်လည်း အလွန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာသည်။

ကမ္ဘာပေါ်တွင် ပဲရာဇာကို အများဆုံးစိုက်ပျိုး ထုတ်လုပ်ပြီး အများဆုံးတင်ပို့နေသည့် နိုင်ငံမှာ ကနေဒါနိုင်ငံဖြစ်သည်။ ဒုတိယအများဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ ပဲရာဇာစိုက်ပျိုးဧရိယာများပြား စွာရှိနေပြီး ပြည်တွင်းစားသုံးမှုလည်း မြင့်မားနေ သည်။ အခြားပဲရာဇာစိုက်ပျိုးသော နိုင်ငံများမှာ တူရကီယဲ၊ ဩစတြေးလျ၊ အမေရိကန်၊ နီပေါ၊ အီသီ ယိုးပီးယားနိုင်ငံတို့ ဖြစ်သည်။ တစ်ကမ္ဘာလုံး၏ ပဲရာဇာထုတ်လုပ်မှုအနေဖြင့် တစ်နှစ်လျှင် တန်ချိန် အားဖြင့် ခြောက်သန်း၊ ခုနစ်သန်းခန့် ထုတ်လုပ် လျက်ရှိသည်။ အဓိကတင်ပို့နေသော နိုင်ငံများမှာ ကနေဒါ၊ ဩစတြေးလျ၊ အမေရိကန်၊ တူရကီယဲတို့ ဖြစ်ပြီး ကနေဒါနိုင်ငံသည် ကမ္ဘာ့တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းကျော်ကို တင်ပို့နေသည်။ အဓိကတင်သွင်း နေသောနိုင်ငံများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ ပါကစ္စတန်နိုင်ငံတို့ ဖြစ်သည်။

**ပဲရာဇာစိုက်ပျိုး ဝင်ငွေတိုး**

ပဲရာဇာသည် အပင်ပေါက်ချိန်တွင် အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်ထိ လိုအပ် ပြီး ပျမ်းမျှအားဖြင့် အပူချိန် ၂၄ ဒီဂရီစင်တီဂရိတ် အောက်ရှိသည့် အေးမြသော ရာသီဥတုကို နှစ်သက် သည်။ အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ထက်ကျော်လျှင် မခံနိုင်ပေ။ အထူးသဖြင့် ပန်းပွင့်ချိန်တွင် အလွန် ပူပြင်းလျှင် အထွက်နှုန်းကျစေနိုင်သည်။ ပဲရာဇာ သည် တိုက်ရိုက်နေရောင်ခြည်လိုအပ်သော နေကြိုက် သီးနှံ အမျိုးအစားဖြစ်သည်။ မိုးရေချိန်အားဖြင့် မီလီမီတာ ၃၅၀မှ မီလီမီတာ ၄၅၀ ထိ လိုအပ်သည်။ မိုးခေါင်ဒဏ်ခံနိုင်စွမ်း အတန်အသင့်ရှိပြီး ရေဝပ်ဒဏ် ကို မခံနိုင်ပေ။

ပဲရာဇာစိုက်ပျိုးရန် မြေအမျိုးအစားအနေဖြင့် သဲနုန်းမြေ သို့မဟုတ် နုန်းမြေမှာ ကောင်းစွာအောင် မြင် ဖြစ်ထွန်းသည်။ ပဲရာဇာသည် မြေချဉ်ငန်ဓာတ် pH 6.0 မှ 7.0 ကြားကို နှစ်သက်ပြီး မြေအလွန်အကျွံ ငန်ခြင်းမျိုးကို မနှစ်သက်ပေ။ ပဲရာဇာသည် ရေစီး ရေလာကောင်းမွန်သော မြေမျိုးကို ပိုမိုနှစ်သက်ပြီး မိုးများသောဒေသများတွင် ရေထုတ်မြောင်းစနစ် များကို ကောင်းမွန်အောင် ဆောင်ရွက်ထားရ မည်။ ထို့ကြောင့် ပဲရာဇာစိုက်ပျိုးရန် အသင့်တော် ဆုံး သောအခြေအနေမှာ အေးမြသောရာသီဥတု ရှိပြီး ရေစီးရေလာကောင်းသော သဲနုန်းမြေပေါ် တွင် စိုက်ပျိုးလျှင် အကောင်းဆုံးရလဒ်ကို ရရှိနိုင်သည်။

မြန်မာနိုင်ငံတွင် ပဲရာဇာကို အဓိကစိုက်ပျိုးသော ဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည် နယ်တို့ဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခုနှစ် စာရင်းအရ စစ်ကိုင်းတိုင်းဒေသကြီးတွင် စုစုပေါင်း စိုက်ဧက ၃၁၇၈ ဧကရှိပြီး အထွက်နှုန်း ၁၃ ဒသမ ၄၆ တင်းဖြင့် စုစုပေါင်း ၃၆၁၉၇ တင်း ထွက်ရှိခဲ့သည်။ ရှမ်းပြည်နယ်တွင် စုစုပေါင်းစိုက်ဧက ၉၉၄ ဧကရှိပြီး အထွက်နှုန်း ၁၃ ဒသမ ၉၇ တင်းဖြင့် စုစုပေါင်း ၁၃၈၈၇ တင်း ထွက်ရှိခဲ့သည်။

ရှမ်းပြည်နယ် ကလောမြို့နယ်တွင် ပဲရာဇာကို ဒီဇင်ဘာလတွင် စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်း သည်။ မျိုးစေ့နှုန်းထားအနေဖြင့် တစ်ဧကအတွက် ၁၀ ပိဿာအသုံးပြုသည်။ တစ်ဧက ကုန်ကျစရိတ် အနေဖြင့် ငွေကျပ် ၇၁၅၀၀၀ ကုန်ကျပြီး တစ်ဧက အထွက်နှုန်း ၁၄ တင်း၊ ရောင်းဈေး တစ်ပိဿာ ငွေကျပ် ၃၈၀၀ ဖြင့်တွက်လျှင် စုစုပေါင်း ရောင်းရငွေ ၁၀၃၄၂၀၈ ကျပ် ရရှိနိုင်သည်။ အကျိုးအမြတ်အနေ ဖြင့် တစ်ဧကမှ ၃၁၉၂၀၈ ကျပ် ရရှိနိုင်သည်။

**အိန္ဒိယဝယ်လိုအားများသည့် ပဲရာဇာ**

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဒုတိယလူဦးရေအများ ဆုံး နိုင်ငံဖြစ်ပြီး ပဲအများဆုံးစားသုံးသော နိုင်ငံလည်း ဖြစ်သည်။ အိန္ဒိယလူမျိုးများသည် ပဲစင်းငုံ (ခွဲခြမ်း) များကိုအများဆုံးစားသုံးကြရာမှမကြာသေးမီကာလ များအတွင်း ပဲရာဇာ(ခွဲခြမ်း)ကို ပြောင်းလဲစားသုံး လာကြသည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ်အတွင်း ပဲရာဇာ စားသုံးမှုမြင့်မားလာပြီး ပဲရာဇာတင်သွင်းမှုသည် လည်း သိသိသာသာတိုးမြင့်လာခဲ့သည်။ အိန္ဒိယနိုင်ငံ သည် ပဲမျိုးစုံကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သော် လည်း ရောင်းလိုအားနှင့် ဝယ်လိုအားမမျှတသည့် အတွက် ပြည်ပဈေးကွက်များကို အမှီပြုနေရသည်။ ယခုနှစ်တွင် ပြည်တွင်းတွင် ပဲစင်းငုံစိုက်ပျိုးထွက်ရှိ မှုကျဆင်းပြီး ဈေးနှုန်းများကြီးမြင့်လျက်ရှိသည့် အတွက် ပဲရာဇာကိုပြောင်းလဲ၍ ပိုမိုစားသုံးလာသည့် စားသုံးသူအလေ့အထပြောင်းလဲမှုကို တွေ့ရှိရသည်။ ထို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ပြည်ပမှ ပဲရာဇာ တင်သွင်းမှုအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်ကို ၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်ကုန်ထိ သက်တမ်းထပ်မံ တိုးမြှင့်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေအရ ပဲရာဇာ စိုက်ပျိုးမှုသည် မိသားစုစားလောက်ရုံ၊ ဖူလုံရုံသာ စိုက်ပျိုးလျက်ရှိပြီး စီးပွားဖြစ် အကွက်ကျယ်များဖြင့် စိုက်ပျိုးမှုမရှိသေးပေ။ ရှမ်းပြည်နယ် ကလောမြို့ နယ်၏ ၂၀၂၄-၂၀၂၅ ခုနှစ် စာရင်းအရ ကလောမြို့နယ် တွင် ကျေးရွာပေါင်း ၂၉ ရွာရှိသည့်အနက် ၂၅ ရွာတွင် ပဲရာဇာစိုက်ပျိုးခဲ့သည်။ စိုက်ပျိုးခဲ့သည့် ကျေးရွာများ အနက် သူရဲကျေးရွာတွင် နှစ်ဧက၊ နောင်ရဲကျေးရွာ တွင် သုံးဧက အနည်းဆုံးစိုက်ပျိုးခဲ့ပြီး ဘော်နင်း ကျေးရွာတွင် ၂၈၆ ဧက အများဆုံးစိုက်ပျိုးခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံတွင် ပဲရာဇာ စုစုပေါင်းစိုက် ဧက ၄၁၇၂ ဧက၊ တစ်ဧကအထွက်နှုန်း ၁၂ တင်းနှင့် စုစုပေါင်းအထွက် ၅၀၀၈၄ တင်း ထွက်ရှိခဲ့သည်။ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ လူဦးရေများပြားမှုနှင့် ပဲရာဇာစားသုံးမှု မြင့်မားလာ ခြင်း၊ အိန္ဒိယအစိုးရ၏ ပဲရာဇာကုန်သွယ်ရေး မူဝါဒပြောင်းလဲလာခြင်းများကို မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းအဖြစ်ပြောင်းလဲကာ ပဲရာဇာတိုးချဲ့ စိုက်ပျိုးနိုင်ရေးနှင့် ပြည်ပတင်ပို့နိုင်ရေးတို့အတွက် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြ ရန် လိုအပ်သည်။



**နိုင်ငံတော်ရွှေသီးဖို့ ပဲရာဇာစိုက်ပျိုးစို့**

နိုင်ငံစီးပွားမြင့်တင်ရာတွင် ကုန်ထုတ်လုပ်မှု ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍဟူ၍ အလေးထားဆောင်ရွက်ကြရာ မြန်မာနိုင်ငံ၏ လူဦး ရေ ၇၀ ရာခိုင်နှုန်းကျော် မှီတင်းနေထိုင် စီးပွားရေး လုပ်ကိုင်နေကြသည့် ကျေးလက်ဒေသ၏စိုက်ပျိုးရေး နှင့် မွေးမြူရေးကဏ္ဍတွင် ကုန်ထုတ်လုပ်မှုတိုးတက် မြင့်မားရေးကို ကြိုးစားဆောင်ရွက်ရန် အရေးကြီး သည်။ စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံများအထွက်နှုန်း တိုးတက်ပြီး နိုင်ငံခြားတင်ပို့နိုင်ရေးကို ဆောင်ရွက် လျက်ရှိရာ နိုင်ငံခြားတင်ပို့မှု အလားအလာရှိသော ပဲရာဇာသည်လည်း ဦးစားပေးဆောင်ရွက်သင့်သည့် သီးနှံတစ်မျိုးဖြစ်လာသည်။

ပဲရာဇာသည် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၏ ရာသီဥတုနှင့်ကိုက်ညီပြီး စိုက်ပျိုးဖြစ်ထွန်းအောင် မြင်နိုင်သည်။ သီးနှံပင်အစောပိုင်းကာလတွင် ပူအိုက် စွတ်စိုမှုကိုလိုအပ်ပြီး နောက်ပိုင်းအချိန်တွင် နှင်း ရရှိမှုကို ကြိုက်နှစ်သက်သော သီးနှံအမျိုးအစား ဖြစ်သဖြင့် ထိုဒေသများတွင် စိုက်ပျိုးနိုင်သည်။ ထိုဒေသများတွင် ပဲရာဇာကို အောက်တိုဘာ ၁၅ ရက် မှ နိုဝင်ဘာ ၁၅ ရက်အတွင်း စိုက်ပျိုးနိုင်ပြီး ဖေဖော် ဝါရီ ၁၅ ရက်မှ မတ် ၁၅ ရက်အတွင်း ရိတ်သိမ်း နိုင်သည်။ ပဲရာဇာ၏သက်တမ်းမှာ ရက်ပေါင်း ၁၀၀ မှ ရက်ပေါင်း ၁၂၀ ခန့်ရှိပြီး ရိတ်သိမ်းရာတွင် ဒေသ ရာသီဥတု အပူ၊ အအေးကိုလိုက်၍ ရင့်မှည့်မှု ကွာခြားပြီး ရိတ်သိမ်းချိန်ကာလ အနည်းငယ် ကွာခြားတတ်သည်။

ပဲရာဇာ စိုက်ဧကတိုးရေးအတွက် ပဲရာဇာစိုက်ပျိုး ရန် အခြေအနေပေးသော ဒေသများတွင် မိုးသီးနှံ အပြီး ပဲရာဇာစိုက်ပျိုးရန် စည်းရုံးဆောင်ရွက်သင့် သည်။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် စပါးကို အဓိကစိုက်ပျိုးကြပြီး ပဲမျိုးစုံသီးနှံများကို အနည်းငယ်သာ စိုက်ပျိုးကြသည်။ စားသုံးသူရေးရာ ဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခုနှစ် စာရင်းအရ ရွှေဘို မြို့တွင် ပဲရာဇာစိုက်ပျိုးမှု မရှိသော်လည်း ရွှေဘိုမြို့ ဈေးကွက်အတွင်း ပဲရာဇာများကို ရောင်းချလျက်ရှိရာ ဒေသတွင်းရှိပွဲရုံများမှ ဝယ်ယူရောင်းချ၍ ဒေသတွင်း ရှိ စားသုံးသူများနှင့် တစ်ဆင့်ပြန်လည်ရောင်းချမည့် သူများက ဝယ်ယူကြကြောင်း သိရသည်။ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသီးနှံအပြီး ပဲရာဇာစိုက်ပျိုးရန် အလားအလာရှိသည်။

ပဲရာဇာစိုက်ဧကတိုးရေး ဆောင်ရွက်သကဲ့သို့ တစ်ဧက အထွက်နှုန်းတိုးတက်ရေးကိုလည်း အလေး ထား ဆောင်ရွက်သင့်သည်။ ပဲရာဇာစိုက်ပျိုးရာတွင် မျိုးသည် အလွန်အရေးကြီးသည်။ ပဲရာဇာမျိုးများတွင် အစေ့အရွယ်အစားနှင့် အရောင်တို့သည် အမျိုးမျိုးရှိ သည်။ အစေ့သေးမျိုးများတွင် အစေ့ ၁၀၀၀ တွင် ၂၅ ဂရမ်သာရှိပြီး အစေ့ကြီးမျိုးများတွင် အစေ့ ၁၀၀၀ တွင် ၆၀ ဂရမ် ရှိသည်။ မျိုးရွေးချယ်ရာတွင် ဈေးကွက် မှလိုအပ်သည့်မျိုးနှင့် ဒေသနှင့်ကိုက်ညီသော စိုက် ပျိုးရေးဆိုင်ရာ လက္ခဏာရပ်များရှိသည့်မျိုးကို ရွေးချယ်စိုက်ပျိုးသင့်သည်။

ပဲရာဇာစိုက်ပျိုးရာတွင် တန်းကြား တစ်ပေခွဲမှ နှစ်ပေထိထား၍ ပင်ကြား ခြောက်လက်မမှ ရှစ် လက်မထိထားကာ စိုက်ပျိုးကြသည်။ အပင်များ ရှင်သန်ဖြစ်ထွန်းရန်အတွက် သံထွန်ဖြင့် ကြားလိုက် ခြင်း၊ ပေါင်းသင်ခြင်းတို့ကို ပြုလုပ်ပေးရမည်။ မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့်အတိုင်း မျိုးကောင်းမျိုးသန့် မျိုးစေ့ကို အသုံးပြုခြင်း၊ မြေဆီလွှာကို ကောင်းစွာ စီမံခန့်ခွဲခြင်း၊ လိုအပ်သည့်အချိန်တွင် အစိုဓာတ် လုံလောက်စွာရရှိရန် ရေကိုစနစ်တကျ စီမံခန့်ခွဲ ခြင်းနှင့် အထွက်နှုန်းတိုးရေး နည်းစနစ်များကို အသုံး ပြုခြင်းအားဖြင့် ပဲရာဇာစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်း တိုးတက်နိုင်သည်။

ပဲမျိုးများသည် နိုက်ထရိုဂျင်ကို ဖမ်းယူနိုင်သော စွမ်းရည်ရှိသောကြောင့် ပဲရာဇာစိုက်ပျိုးရာတွင် ဓာတ်မြေဩဇာအနည်းငယ်သာ သုံးရပြီး ကုန်ကျ စရိတ်နည်းနိုင်သည်။ လက်ရှိ ပဲရာဇာစိုက်ပျိုးထုတ် လုပ်မှုတွင် အထွက်နှုန်းနည်းနေသေးသည့်အတွက် မျိုးကောင်းမျိုးသန့်အသုံးပြုခြင်း၊ သွင်းအားစုများ အသုံးပြုခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို စနစ် တကျ စီမံခန့်ခွဲခြင်းနှင့် စိုက်ပျိုးပညာပေးရေးလုပ်ငန်း များ တောင်သူများကို ပညာပေးခြင်းအားဖြင့် ပဲရာဇာအထွက်နှုန်း တိုးတက်ရေးနှင့် ထုတ်လုပ်မှု မြင့်မားရေးတို့ကို ဆောင်ရွက်နိုင်သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု မြင့်မားအောင် ဆောင်ရွက်ပြီး စိုက်ပျိုးရေးထုတ်ကုန်များကို ကောင်း မွန်သော ကုန်သွယ်ရေးလုပ်ငန်းများမှတစ်ဆင့် နိုင်ငံ ခြားသို့တင်ပို့နိုင်လျှင် နိုင်ငံတော်အတွက် နိုင်ငံခြား ဝင်ငွေရရှိပြီး နိုင်ငံ့စီးပွား မြင့်မားလာနိုင်သည်။ ထို့အတူ ပြည်ပပို့ကုန် စိုက်ပျိုးရေးထုတ်ကုန်များသည် တောင်သူဦးကြီးများအတွက်လည်း ဝင်ငွေတိုးတက် ရရှိရေးကို အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် ပြည်ပပို့ကုန်အဖြစ် အလားအလာရှိသော ပဲရာဇာကို စိုက်ဧရိယာတိုးချဲ့ရေး၊ အထွက်နှုန်းတိုးတက်ရေးနှင့် နိုင်ငံခြားတင်ပို့နိုင်ရေးတို့အတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြလျှင် တောင်သူဦးကြီးများနှင့် ကုန်သည်များ ဝင်ငွေတိုးပြီး နိုင်ငံတော်ရွှေသီးနိုင် ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- **စားသုံးသူရေးရာဦးစီးဌာနက ထုတ်ဝေသော သတင်းများ။**
- **လယ်ယာစီးပွားသတင်းဂျာနယ်မှ ထုတ်ဝေသော ဆောင်းပါးများ။**

# National Defence and Security Council of the Republic of the Union of Myanmar holds Kathina Robe Offering Ceremony for 2025




Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation receive the Nine Precepts from the SSMNC Chairman Sayadaw.

**Nay Pyi Taw October 30**

The National Defence and Security Council of the Republic of the Union of Myanmar held the Kathina Robe Offering Ceremony for 2025 at the Agga Dipati Sasana Beikmandawgyi in the premises of Maravijaya Buddha Park in Dekkinathiri Township, Nay Pyi Taw, Union Territory this morning. Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing attended the ceremony and donated kathina robes and offertories.


Also present to pay respects to the 27 Sayadaws led by Chairman of State Sangha Maha Nayaka Committee Patron of Minkyaung Pahtamabyanpariyatti school in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, Secretary of SSMNC Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindi Pariyatti school Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa and Oavadacariya Sayadaws of Board of Trustees of Uppatasanti Pagoda together with the Senior General and wife were SSPC Vice Chairman Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC member Prime Minister U Nyo Saw and wife, SSPC member Executive Chief U Aung Lin Dway and wife, SSPC Secretary Joint Executive Chief General Ye Win Oo and wife, SSPC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander and officials.

The Senior General paid homage and presented a meal in Emerald Bowl, flowers, water and lights to the Naungdawgyi Buddha Image in the Agga Dipati Sasana Beikmandawgyi.

The Senior General and wife and attendees looked around the kathina robes and offertories hung on decorated stands.



Senior General Min Aung Hlaing and Daw Kyu Kyu Hla present kathina robes and offertories to a Sayadaw.



Vice-Senior General Soe Win and Daw Than Than Nwe present kathina robes and offertories to a Sayadaw.

According to the agenda, the congregation opened the ceremony by reciting namotassa three times and received the Nine Precepts from the SSMNC Chairman Sayadaw. Sayadaws recited religious sermons.

The Senior General and wife presented kathina robes and offertories to the SSMNC Chairman Sayadaw, and also presented the same to Sayadaw Bhadddanta Vajirapani Linkarabhivamsa of Seinyaza Sasana Linkaya religious school, the kathina offerings recipient monastery, in Pobbathiri Township, Nay Pyi Taw.

The Vice-Senior General and wife presented kathina robes and offertories to SSMNC Secretary Sayadaw.

The Prime Minister and wife, the Executive Chief and wife, the Joint Executive Chief and wife, SSPC members and wives, union level dignitaries, union ministers, and senior military officers from the Office of the Commander-in-Chief presented kathina robes and offertories to Sayadaws respectively.

The Senior General and wife and the congregation revered the kathina question and answer session conducted by member of Nay Pyi Taw Area Sangha Nayaka Committee Section Head Sayadaw Ganthavacaka Pandita Bhaddanta Kontana of Ngwedaung Tawyataik monastery in Tatkon and State Working Committee of the Sangha Sayadaw Maha Ganthavacaka Pandita Bhaddanta Tssa of Ohndaw monastery, Pyinmana.

The SSMNC Secretary Sayadaw delivered a sermon and merits gained were shared.

After concluding the ceremony with the recitation of Buddha sasanam ciramtithatu three times, the Senior General and wife and the congregation offered day meal to Sayadaws led by the SSMNC Chairman Sayadaw.

At the ceremony, the NDSC donated 49 decorated stands with Ks-791,910,50 worth of in-kinds and Ks-885,993,50 worth of cash, totalling Ks 167,790,400. 100

# Pakistan agrees to resume talks with Afghan Taliban in Istanbul

**Islamabad October 30**

Pakistan has agreed to resume the dialogue process with the Afghan Taliban in Istanbul, Türkiye, following a request from the Afghan Taliban and the host country, Pakistani security sources told Xinhua on Thursday.

The sources said the Pakistani delegation, which was earlier scheduled to depart, will now stay in Istanbul to continue the discussions.

"It has been decided to resume the negotiation process to give peace another chance," one source said.

The upcoming round of talks will focus on Pakistan's core demand that Afghanistan take clear, verifiable, and effective action against terrorist groups operating from its soil, the sources added.

Xinhua

# More than 18,000 acres of rainfed paddy planted in Ayadaw Township this year


A rainfed paddy field in Ayadaw Township.

**Ayadaw October 30**

According to the statistics of Monywa District Agriculture Department, local farmers have planted 18,900 acres of rainfed paddy in Ayadaw Township of Sagaing Region this year.

For the 2025–2026 monsoon crop season, a total of 21,600 acres of monsoon paddy have been designated for cultivation in Ayadaw Township. Cultivation began in June this year, and as of now, 18,980 acres have already been planted, according to reports.

"This year, Ayadaw Township plans to cultivate over 21,000 acres of monsoon paddy. Up to now, more than 18,000 acres have been planted. Efforts are being made to ensure that the full target acreage is achieved. The required technology and seed varieties will be provided for paddy cultivation. We are also conducting field activities to help farmers grow monsoon paddy in a timely manner," said Daw San San Myint, Head of the Monywa District Department of Agriculture.

During this year's monsoon crop season, the relevant township agriculture departments and local farmers have been cooperating to ensure systematic cultivation of monsoon paddy without difficulties.

In Ayadaw Township, farmers are being provided with agricultural techniques, awareness on pest prevention, guidance to avoid crop loss or damage, and advice on timely post-harvest handling and proper storage of harvested paddy under cover.

This year's monsoon paddy fields in Ayadaw Township are reported to be thriving successfully. To ensure good yields, township agricultural officials and staff have been carrying out field visits to assist farmers with techniques such as selection of quality and pure seed varieties, pest prevention, weeding and tilling, removal of mixed varieties, and systematic use of fertilizers. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yinmabin District to grow more than 10,000 acres of wheat in coming winter

**Yinmabin October 30**

Sagaing Region Agriculture Department stated that local farmres will grow 10,850 acres of wheat in coming cold season in Yinmabin District of Sagaing Region.

For the 2025–2026 winter crop season, a total of 10,850 acres of wheat have been designated for cultivation in Yinmabin District, with 3,850 acres in Yinmabin Township, 5,840 acres in Kani Township, 810 acres in Salingyi Township, and 350 acres in Pale Township, according to reports.

"This year, over 10,000 acres of wheat are planned for cultivation in Yinmabin District during the coming winter crop season. We will ensure that the full target acreage is cultivated. Awareness discussions will be conducted for farmers regarding wheat cultivation. Measures will be taken to increase yield through irrigation, fertilizer application, and weed control. We will also promote the use of quality and pure wheat seeds to improve productivity," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

Efforts are being made in Yinmabin District to achieve full cultivation of all winter crops as planned, to improve wheat yields, to ensure systematic cultivation and production of high-quality wheat, and to prevent pest infestations.

The production cost for one acre of wheat is around K300,000, and the average yield per acre is about 21 baskets. Wheat is cultivated during October, November, and December, and it is harvested in February, March, and April. Yinmabin Township is reported to have the largest area under pure white wheat cultivation.

The respective township agricultural departments in Yinmabin District will continue to provide training courses for farmers to help increase wheat yield, supply quality and pure seeds, and distribute compound fertilizers at affordable prices. 206

# Kanbalu District to plant more than 11,000 acres of canola and niger in coming cold season

**Kanbalu October 30**

Statistics of Kanbalu District Agriculture Department stated that local authorities have earmarked cultivation of more than 11,000 acres of canola and niger as cold season crops in Kanbalu District of Sagaing Region this year.

For the 2025–2026 winter crop season, a total of 11,820 acres of canola and niger (flowering sesame) are planned for cultivation in Kanbalu District. The cultivation period will run from October to December this year, according to reports.

"In Kanbalu District, we have planned to cultivate over 11,000 acres of canola and niger during the winter crop season. Efforts will be made to achieve the full target acreage. These crops are grown annually, and both canola and niger are used not only for oil production but also for medicinal purposes," said Daw Mar Mar Win, Staff Officer of the Kanbalu District Department of Agriculture.

By township, the planned cultivation areas for the 2025–2026 winter crop season are as follows: 563 acres of canola and 5,558 acres of niger in Kanbalu Township, and 357 acres of canola and 5,342 acres of niger in Kyunhla Township — making a total of 11,820 acres across the district.

Canola and niger are regularly cultivated each year in Kanbalu District, while in Sagaing Region as a whole, the majority of canola and niger cultivation is carried out in Kanbalu and Kawlin areas. 206


A niger plantation.

# Plan underway to grow more than 1,000 acres of chilli in Yinmabin District

**Yinmabin October 30**

Preparations are being made to cultivate 1,585 acres of chilli plantations in Yinmabin District of Sagaing Region this year, according to the regional Agriculture Department.

During the 2025–2026 winter crop season, chilli cultivation in Yinmabin District has been planned for a total of 1,585 acres — with 1,131 acres in Yinmabin Township, 229 acres in Kani Township, and 225 acres in Pale Township.

"This year, Yinmabin District has planned to grow over 1,000 acres of chilli during the winter crop season. Efforts will be made to achieve the planned acreage. The chilli crops are growing well so far, and we will continue to encourage farmers to engage in commercial-scale chilli cultivation," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.

For chilli growers, the respective district and township agriculture department staff are providing technical assistance to help increase yields, improve access to markets, prevent and control pest infestations, and enhance soil fertility.

The production cost for chilli cultivation, from planting to harvesting, is estimated at around K1.5 million per acre for owned farmland and about K2.5 million per acre for leased farmland. Chilli can be harvested every 15 days and continues producing for up to six months. At the beginning of the harvest period, yields are about 100 viss per acre, and in the following weeks, the yield ranges between 400 and 500 viss per acre, according to reports. 206

# မျိုးဆက်

## ဆူးသစ်

လူ့လောကကြီးသည် အချိန်ကာလနှင့် တစ်ပြေးညီ ပြောင်းလဲနေသည်။ နေဝင်မိုးချုပ်နေ့များ၊ နွေ၊ မိုး၊ ဆောင်းရာသီများကြားတွင် သက္ကရာဇ်တို့ တရွေ့ရွေ့စီးဆင်းနေသည်။ လူ့လောကကြီးထဲတွင် စီးမျောနေသောလူငယ်များသည်လည်း သက္ကရာဇ်နှင့်အတူရွေ့လျားရင်း ပြောင်းလဲခြင်းခြေလှမ်းများ လှမ်းနေသည်ကို တွေ့ရသည်။

"သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ" (ICT) ဆိုသောစကားလုံးက ကျွန်တော်တို့မြန်မာနိုင်ငံ၏ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ လူမှုမျက်နှာစာများတွင် တွင်ကျယ်လာချေပြီ။

ဟိုးလွန်ခဲ့သော နှစ်ပေါင်းများစွာကို မကြည့်ပါနှင့်။ ဝေးပါသည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်လောက်ကို ပြန်ကြည့်ပါ။ ဟိုစဉ်က ကျွန်တော်တို့ ကလေးဘဝ။ ကွန်ပျူတာမသိ၊ အင်တာနက်မသိ။ ယုတ်စွအဆုံး တီဗီဂိမ်းပင်မသိ။

အချိန်လေးနည်းနည်းရွေ့လာသည်။ တီဗီဂိမ်းဆိုတာကြီးက နားနှင့်မဆံ့အောင် ကြားလာရသည်။ နောက်ပိုင်းသိပ်မကြာ။ "ကွန်ပျူတာ"ဆိုသော စကားလုံးကို ထပ်တလဲလဲကြားလာရသည်။ တကယ်တော့ အချိန်ကာလသည် "နှစ်"အပိုင်းအခြားတစ်ခုသာ ကြာသည်။ သို့သော် ပြောင်းလဲမှုများက မြန်ဆန်လိုက်သည့်ဖြစ်ခြင်း။

ယခု သည်ဘက်ခေတ် နှစ်ဆယ့်တစ်ရာစုမှာတော့ ကွန်ပျူတာမသိလျှင်၊ မတတ်လျှင် လူရာမဝင်လောက်အောင်ဖြစ်လာချေပြီ။ ထို့ကြောင့်လည်း စာသင်ကျောင်းများတွင် ကွန်ပျူတာခန်းများ ပေါ်လာရခြင်းဖြစ်သည်။

သေသေချာချာပြန်တွေးကြည့်တော့ ကျွန်တော်တို့မြန်မာများ မျက်စိ၊ နား တော်တော်ပွင့်လာပြီဟု ဆိုရတော့မည်။ ဘာဆိုဘာမျှမသိခဲ့သော ဘဝများကနေ ကမ္ဘာအနှံ့ တိုးတက်မှု၊ ပြောင်းလဲမှု၊ ဆုတ်ယုတ်မှု၊ ဖြစ်မှု၊ ပျက်မှုများကို အချိန်နှင့်တစ်ပြေးညီ သိနေခဲ့ကြပြီ။ ထိုသိမှုနှင့်အတူ ရုပ်ပိုင်းဆိုင်ရာမြင့်တင်မှုမှ စိတ်ပိုင်းဆိုင်ရာ၊ အသိဉာဏ်၊ ပညာပိုင်းဆိုင်ရာများကို ဖြည်းဖြည်းချင်းမြင့်တင်နေခဲ့ကြပြီ။

ဤသည်မှာ ကောင်းသောလက္ခဏာဖြစ်သည်။ ယခုလက်ရှိ ရပ်တည်နေသောလူသားတစ်ဦးအနေဖြင့် ကျွန်တော်တွေးကြည့်ပါမည်။ ကျွန်တော်တို့၏ ယခင်မျိုးဆက်တစ်ဆက်ရှိသည်။ ယခု ကျွန်တော်တို့မျိုးဆက်ခေတ်ရောက်နေပြီ။ ရိုးရိုးလေးတွေးကြည့်လျှင် ကျွန်တော်တို့ ယခင်မျိုးဆက်မှာ မရှိခဲ့၊ မသိခဲ့သော ကောင်းမွန်သည့်တိုးတက်မှုများ ကျွန်တော်တို့လက်ထက်တွင် ဖြစ်ပေါ်တိုးတက်နေသည်မှာ အမှန်ပင်ဖြစ်သည်။ သည်တော့ ယခင်ကထက် ယခု တိုးတက်သည်မှာ သေချာ၍ကောင်းသောလက္ခဏာဟု ဆိုရမည်။

ကျွန်တော်တို့လက်ထက်၊ ကျွန်တော်တို့မျိုးဆက်ကနေ ဆက်သွားကြည့်ပါဦး။ ကျွန်တော်တို့က ယခုလက်ရှိအနေအထားကနေ သည်ထက်မြင့်တင်နိုင်သမျှ မြင့်တင်နေသည်။ အမွေပေး၍ ယူသူက ယူနေပြီ။ ကျွန်တော်တို့ကိုယ်တိုင်လည်း ကောင်းသောလက္ခဏာကို ထိတွေ့သယ်ဆောင်ခွင့်ရနေသည်။ ကိုယ်တိုင်ရသောအမြတ်နှင့် နောက်မျိုးဆက်အတွက် အမွေပေးရန် စုနေသည်နှင့်တူသည်။

သည်အတိုင်းသာ ဆက်သွားပါ။ ကျွန်တော်တို့ နောက်မျိုးဆက်တွင် အသေအချာကို တိုးတက်ရပေမည်။

တစ်နေ့ဝင်တစ်နေ့ထွက် သည်အတိုင်းသာ နေကြည့်လိုက်ပါ။ နိုင်ငံအလိုက် နှိုင်းယှဉ်ရန်မဆိုထားနှင့်။ ကိုယ့်တစ်လမ်းတည်းက လူချင်းပင် ကိုယ်က နောက်ကျန်ခဲ့သည်မှာ ပိုပေါ်လွင်လာသည်။ တစ်နေ့ချင်းမှ တစ်လ၊ တစ်နှစ်ကြာလေ သည်အတိုင်းနေခဲ့သောမိမိသည် နောက်တွင် ပြတ်ကျန်ခဲ့သည်ကို အလိုလိုသိလာရလိမ့်မည်။

ကျွန်တော် ဆယ်တန်းအောင်ပြီးကာလက တက္ကသိုလ်ဆက်တက်ရန် စောင့်နေသည်။ ဘာသင်တန်းမျှမတက်ဘဲ နေခဲ့သည်။ သူငယ်ချင်းတစ်ဦးက ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းများတက်ပြီး နိုင်ငံခြားထွက်သွားသည်။ နှစ်ကြာလာသောအခါ သူနှင့်ကျွန်တော့်ကြားတွင် အသိအမြင်မှာ သူကကျယ်ပြန့်သလောက် ကျွန်တော်က သူပြောသမျှ အံ့သြစွာနားထောင်ရုံသာရှိတော့သည်။

ဤနေရာ၌ နိုင်ငံခြားသွားခြင်း၊ မသွားခြင်းနှင့် မဆိုင်ပေ။ ကျွန်တော်ဆိုလိုချင်သည်က အတတ်ပညာတစ်ခု ပိုတတ်သည်နှင့်အမျှ လုပ်ပိုင်ခွင့်များ မြန်လာတတ်သည်ဆိုသောအသိကို ရစေချင်၍ဖြစ်သည်။ နိုင်ငံခြားမသွားဘဲ သည်မှာပင်နေ၍ ကျွန်တော့်ထက် အသိပညာ၊ အတတ်ပညာပိုများနေလျှင်လည်း နှစ်ကြာလေ သူက ကျွန်တော့်ထက် သာလေဖြစ်မည်မှာ အမှန်ပင်။

ဤသည်ပင် ကျွန်တော်က တက္ကသိုလ်တက်ရန် အိမ်တွင် ငုတ်တုတ်မေ့ကာ ထိုင်စောင့်နေသောသူဖြစ်သည်။ ရှေ့ဆက် ဘာမျှမလုပ်ဘဲ သည်အတိုင်းဆက်စခန်းသွားမည်သူဆိုလျှင်တော့ တွေးပင်မတွေးရဲပေ။

လူတစ်ဦးသည် ယနေ့ခေတ်၏ ပြောင်းလဲတိုးတက်မှုနောက်တွင် အလိုက်သင့်လိုက်ရပါမည်။ ဤနေရာ၌ ကျွန်တော်ပြောသော ပြောင်းလဲတိုးတက်မှုဆိုသည်မှာ အခြားအရာများမဟုတ်ပေ။ အသိပညာ၊ အတတ်ပညာ၊ နည်းပညာပြောင်းလဲတိုးတက်မှုကို ဆိုလိုခြင်းဖြစ်သည်။

အကယ်၍ လူတစ်ဦးသည် မိမိကျင်လည်ရာ အခြေအနေတစ်ခုတွင် သည်အတိုင်းရပ်နေသည် ဆိုပါစို့။ သေချာသည်က သူ သည်အတိုင်းရပ်နေသော်လည်း အခြားသူများက နည်းပညာအပြောင်းအလဲနောက်တွင်လိုက်ပါနေ၍ သူ သည်အတိုင်းရပ်နေလေ နောက်တွင်ပြတ်ကျန်ခဲ့ရန် များလေလေပင်။ ထို့ပြင် သည်အတိုင်း ရပ်ကျန်နေခြင်းသည် မိမိကိုယ်ကို နောက်ပြန်ဆွဲနေခြင်းဖြစ်၍ ရှေ့သို့သွားနေသူ တစ်ဦးနှင့် သည်အတိုင်း ရပ်ကျန်နေသူတစ်ဦးတို့ကြားမှ ကွာဟမှုသည် ပိုကြီးလာသည်။

ထပ်ပြောပါဦးမည်။ ကျွန်တော်ဆိုလိုချင်သည်က လူတစ်ဦး၏ အသိ၊ အတတ်ပညာ၊ နည်းပညာများ ရှေ့သို့ တိုးတက်ပြောင်းလဲခြင်းကို ဆိုလိုခြင်းပင်။ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုကို မဆိုလိုပေ။

ဥပမာ–နိုင်ငံခြားသွားသော ကျွန်တော့်သူငယ်ချင်း ပိုက်ဆံရှာနိုင်သည်။ ကားဝယ်စီးနိုင်သည်။ ချမ်းသာလာသည်။ အတတ်ပညာ၊ နည်းပညာတိုးတက်မှုများကြောင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်လာသည်။ ဒါကို ကျွန်တော်ဝမ်းသာသည်။ သို့သော် ကျွန်တော်အားကျမိသည်က သူ့ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုကို မဟုတ်။ အတတ်ပညာ၊ နည်းပညာတိုးတက်မှုများကြောင့် သူ့အသိပညာများ တိုးတက်လာကာ သူ့ဘဝသည် မြန်မာပြည်တွင်သာမကဘဲ နိုင်ငံရပ်ခြား၌ပါ ဆရာကြီးတစ်ဆူလိုဖြစ်နေခြင်းကို ကျွန်တော်အားကျခြင်းပင်။

တက္ကသိုလ်တက်ရင်း ကျွန်တော့်အသိများ နည်းနည်းပွင့်လာသောအခါ ကျွန်တော်၏ ရပ်တန့်နေသောဘဝကို ရှေ့ဆက်တိုးရပါတော့သည်။ တက်သင့်သောသင်တန်းများတက်၍ အများနှင့် အမီလိုက်ရပါတော့သည်။ မိမိလျှောက်နေသော ပညာရေးလမ်းနှင့်လည်းညှိ၍ သင်တန်းကိုရွေးချယ်ရသည်။

သည်လိုနှင့် အလုပ်ထဲရောက်သည့်အခါ ကျွန်တော်တက်နေသော သင်တန်းများက အထောက်အကူပြုခဲ့သလို မတက်ရသေးသော သင်တန်းတချို့ကြောင့် ကျွန်တော့်အခွင့်အရေးတစ်ခုလည်း ဆုံးရှုံးခဲ့ဖူးသည်။ ကွန်ပျူတာကို အခြေခံလောက်သာ သင်ထားသော ကျွန်တော်က Internet Website နှင့်ပတ်သက်သောသင်တန်းကို နိုင်ငံခြားတွင် သွားတက်ရန်ခေါ်သောအခါ ကွန်ပျူတာမတတ်တာမဟုတ်ဘဲ ကွန်ပျူတာနှင့် ဝေးကွာနေသည် (Touch မဖြစ်)ဟုဆိုကာ ချန်ထားခံခဲ့ရဖူးသည်။

ထိုအချိန်တွင် ကျွန်တော်သည် အင်တာနက်သင်တန်းကို မတက်ရသေးဘဲ အခြေခံတက်ထားသည်ကလည်းကြာပြီဖြစ်၍ ကွန်ပျူတာနှင့် တော်တော်ဝေးကွာနေခဲ့သည်။ သည်တော့ ကွန်ပျူတာနှင့်ဝေးကွာနေသော၊ အင်တာနက်ဘာမှန်းမသိသော ကျွန်တော့်အဖို့ နိုင်ငံခြားသွားခွင့် တစ်ခါဆုံးရှုံးခဲ့ရသည်ဟု တွေးမိသည်။

ဤဖြစ်စဉ်ကိုကြည့်ခြင်းဖြင့် အတတ်ပညာတစ်ခု မတတ်မြောက်သေးခင်မှာ လူတစ်ဦး နောက်ကျကျန်နေမှုသည် ပိုမိုပေါ်လွင်လာသည်။ လွန်ခဲ့သော တစ်နှစ်လောက်က ကျွန်တော့်ဆောင်းပါးများမှာပင် အင်တာနက်သင်တန်းများတက်ရန် စဉ်းစားချင့်ချိန်သင့်ကြောင်းဆိုခဲ့သော ကျွန်တော်သည် တစ်နှစ်မပြည့်မီကာလအတွင်း အင်တာနက်နှင့်ပတ်သက်၍ မသိမီခြင်းကြောင့် အခွင့်အရေးဆုံးရှုံးကာ နောက်ကျကျန်ခဲ့ရကြောင်း သတိထားလိုက်မိသောအခါ ခေတ်၏ မြန်ဆန်တိုးတက်ပြောင်းလဲမှုများကြားက နည်းပညာပြောင်းလဲမှုကို အံ့သြဘနန်းဖြစ်လာရသည်။

ယခုအချိန်တွင် လူငယ်ဘဝကို ဖြတ်သန်းဆဲရှိသေးသော လူငယ်များကို ကျွန်တော်စေတနာဖြင့် ဆိုပါမည်။ ခေတ်မီခြင်းကို သေသေချာချာသိအောင် ကြိုးစားကြည့်စေချင်သည်။ ဆံပင်များဆေးဆိုးခြင်း ခေတ်စားလာသဖြင့် မြန်မာနိုင်ငံတွင် ဆေးဆိုးရန် အချိန်တန်ပြီဆိုပြီး ခေတ်မီအောင်လုပ်မလား။ အရှေ့တောင်အာရှနိုင်ငံဖြစ်သော မလေးရှားတွင် ကွန်ပျူတာသည် သူတို့၏အသက်သွေးကြောဖြစ်နေချေပြီ။ သည်တော့ မလေးရှားတွင် နည်းပညာတိုးတက်ဖြစ်ထွန်းနေသလို ကိုယ့်မြန်မာနိုင်ငံတွင်လည်း သည်ထက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရန်လိုပေသည်။ ဒါမှလည်း ခေတ်မီသည်ဆိုသောစကား ပီပြင်မည်မဟုတ်လား။

ပြီးတော့ သုံးသပ်ရမည့်အချက်တစ်ချက်ရှိသည်။ ကျွန်တော်တို့ဘိုးဘေးများက ကျွန်တော်တို့မျိုးဆက်ကို ကောင်းသောအမွေပေးထားခဲ့သည်။ ကောင်းမွေဖြစ်၍ ကျွန်တော်တို့ သည်လောက်ရပ်တည်နိုင်ခြင်းဖြစ်သည်။ ကျွန်တော်တို့ သည်ထက်ပိုလုပ်မှ ကျွန်တော်တို့ နောက်မျိုးဆက် သည်ထက်ပိုတိုးတက်မည်။

ကျွန်တော်တို့ မရပ်မနားရှေ့ဆက်ရင်း နိုင်ငံတကာကို အမီလိုက်ရပါမည်။ သည်အတွက် လူငယ်များက အဓိကဖြစ်သည်။ တစ်လောက သင်တန်းတစ်ခုတွင် ဆရာဝန်တစ်ဦးကပြောဖူးသည်။ "ခင်ဗျားတို့ MICT Park မှာ သွားကြည့်စမ်းပါ။ ကျွန်တော်တို့ တော်တော်ပြတ်ကျန်နေတာ တွေ့လိမ့်မယ်"ဟု ဆိုသည်။ ဤသည်မှာ ကိုယ့်ပြည်တွင်းပင် ရှိပါသေးသည်။ အိမ်နီးချင်းနိုင်ငံများတွင် အလုပ်လုပ်နေသူများကို မေးမြန်းတီးခေါက်ကြည့်ပါဦးဟု ကျွန်တော်က ဆိုပါမည်။ နေရာတိုင်းတွင် လူငယ်များကသာ လမ်းများကို တိုးချဲ့လျှောက်လှမ်းနေသည်မဟုတ်လား။ သည်လူငယ်များကပင် လက်ရှိမျိုးဆက်၏ အကောင်း၊ အဆိုးကို ဖန်တီးနိုင်သည်။

ကျွန်တော်တို့လက်ထက်တွင်ညံ့လျှင် ယခင်ဘိုးဘေးများက ကျွန်တော်တို့ကို ခွင့်လွှတ်နိုင်ပါ့မလား။ နောက်မျိုးဆက်ကရော ကျွန်တော်တို့ကို နားလည်နိုင်ပါ့မလား။ သေချာသည်က ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရမည်ဖြစ်သည်။

ကျွန်တော်တို့လူငယ်များ ယခုလက်ရှိလုပ်သမျှသည် ကျွန်တော်တို့အတွက် ဖြစ်ချင်မှဖြစ်ပါလိမ့်မည်။ ခံစားရသည်လည်း ရှိမည်။ မခံစားရသည်လည်း ရှိမည်။ ကိစ္စမရှိပါ။ ကြိုးစားလုပ်ပါ။ ကောင်းသောလုပ်ဆောင်ခြင်းများအတွက် ကျွန်တော်တို့အပင်ပန်းတော့ခံရပေမည်။ အနစ်နာခံရပေမည်။ သည်အတွက် ရလဒ်က ကျွန်တော်တို့ရှင်သန်နေဆဲတွင် ဖြစ်ချင်မှဖြစ်ပေလိမ့်မည်။ ကျွန်တော်တို့မရှိသည့် နောက်ပိုင်းမှလည်း ဖြစ်လာနိုင်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့တာဝန်က နောက်လူများမြင့်တက်သွားရန် ကျွန်တော်တို့ သေသွားပြီးနောင်တစ်ချိန်တွင် မြန်မာများ ခေတ်မီတိုးတက်နေရန်၊ ကမ္ဘာမှာမြန်မာဆိုပြီး ထင်ရှားစွာကျန်နေစေရန်ဖြစ်သည်။ သည်အတွက် ကျွန်တော်တို့ ကြိုးစားအားထုတ်မှုများ ရင်းရပေလိမ့်မည်။ ကျွန်တော်တို့မျိုးဆက်များ တစ်ဆက်ပြီးတစ်ဆက် ဖြတ်သန်း၍ ဘဝများရင်းရမည်။

သည်လိုစိတ်မျိုးထားနိုင်ပြီဆိုလျှင်ဖြင့် ကျွန်တော်တို့ ဘိုးဘေးများက ကျေနပ်ပီတိဖြင့် ကြည့်နိုင်သော ကျွန်တော်တို့ကိုယ်တိုင် ထပ်တိုးအားစိုက်မြှင့်တင်ပေးခဲ့သော အနာဂတ်နိုင်ငံတော်ကြီးကို မြင်ရမည်မှာ မလွဲပေ။ မျိုးဆက်သည် မိသားစုတစ်စုတွင် မျိုးရိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်ရသလို လူမျိုးစုတွင်လည်း လူမျိုးစုဂုဏ်ကို မြှင့်တင်ရပါမည်။

သည်အတွက် မိသားစုတစ်စုချင်း သားသမီး အရွယ်လူငယ်များက ထပ်မံမြှင့်တင်ရမည်ဖြစ်သလို တိုင်းပြည်တစ်ပြည်အတွက် လူငယ်တိုင်းကလည်း မြှင့်တင်ရပါမည်။ လူငယ်သည် အနာဂတ်အတွက် မျိုးဆက်ဟုဆိုလျှင် ထိုမျိုးဆက်သည် တိုင်းပြည်တိုးတက်ရန်အတွက် အင်အားဟု ဘိုးဘေးများမျှော်လင့်နေမည်မှာမလွဲဟု ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်တို့လူငယ်များ ထပ်မံကြိုးစားကြည့်ကြပါဦးစို့။

**❖ ကျွန်တော်တို့လက်ထက်တွင်ညံ့လျှင် ယခင်ဘိုးဘေးများက ကျွန်တော်တို့ကို ခွင့်လွှတ်နိုင်ပါ့မလား။ နောက်မျိုးဆက်ကရော ကျွန်တော်တို့ကိုနားလည်နိုင်ပါ့မလား။ သေချာသည်က ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရမည်ဖြစ်သည်။ ကျွန်တော်တို့လူငယ်များ ယခုလက်ရှိလုပ်သမျှသည် ကျွန်တော်တို့အတွက် ဖြစ်ချင်မှဖြစ်ပါလိမ့်မည်။ ခံစားရသည်လည်း ရှိမည်။ မခံစားရသည်လည်း ရှိမည်။ ကိစ္စမရှိပါ။ ကြိုးစားလုပ်ပါ။ ကောင်းသောလုပ်ဆောင်ခြင်းများအတွက် ကျွန်တော်တို့ အပင်ပန်းတော့ခံရပေမည်။ အနစ်နာခံရပေမည်။ ❖**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် နှမ်း ၂၀၀၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းစိုက်ပျိုးမှုအနေနဲ့ကော အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် တောင်သူများအနေဖြင့် လူမှုစီးပွားဘဝများပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ကြက်ဟင်းခါးသီးများအရောင်းအဝယ် ကောင်းမွန်နေ



**ဇလွန် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ အောက်တိုဘာလဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ရောင်းတန်းဝင် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒေသထွက် ကြက်ဟင်းခါးသီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်။ အထွက်နှုန်းလဲကောင်းတယ်လို့သိရပါတယ်"ဟု ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဇလွန်မြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းချင်းကျောက်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ထန်းပင်ကုန်းကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းချင်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ထန်းပင်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံပြီး ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း ထိန်းသိမ်းကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါထန်းပင်ကုန်းကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်းချင်းကျောက်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၄၇ သန်းဖြင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ယခုနှစ် ဇွန်လ ၃ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအား လုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းထံမှ သိရသည်။

**ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မချမ်းဘော့မြို့နယ် ခန်ဂျိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မချမ်းဘော့ အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခန်ဂျိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောသီဟက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျေးရွာသူ၊ကျေးရွာသားများအနေဖြင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့်လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောသီဟနှင့် ဝန်ထမ်းများက ခန်ဂျိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ်၁၈သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၂၈ဦးကိုငွေကျပ် ၂၇သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူသုံးဦးကိုငွေကျပ် ၁၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောသီဟက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

**ရှေ့ဖုံးမှအဆက်**

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်စဉ်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိန်ရာဇာ သာသနာ့လင်္ကာရစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဝဇိရပါဏီလင်္ကာရာဘိဝံသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ၐင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော် သံဃနာယကအဖွဲ့ဝင် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညနှင့် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ပျဉ်းမနားမြို့ အုန်းတောကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိဿတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များက ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေး မြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်း မှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ ကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီး တွင် သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ အား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၇၉၁၉၁၀၅၀ နှင့် လှူဒါန်း ငွေကျပ် ၈၈၅၉၉၃၅၀ ဖြစ်သဖြင့် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၆၇၇၉၀၄၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)

# ကချင်ပြည်နယ် တရားလွှတ်တော်အဆောက်အအုံသစ် ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

ကချင်ပြည်နယ် တရားလွှတ်တော် အဆောက်အအုံသစ် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် တရားလွှတ်တော် အဆောက်အအုံသစ် ဆောက်လုပ်မည့်မြေနေရာ၌ ပြုလုပ်ရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော် များ တက်ရောက်ကြသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ပန္နက်တော်တင် တွင်းတော်ဝန်းအတွင်း ပန္နက်တော်စိုက်ထူစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ပန္နက်တော်တင် တွင်းတော်ဝန်းအတွင်း ပန္နက်တော်စိုက်ထူစဉ်။

ဦးစွာ ခရစ်ယာန်ဆရာတော်များက ဆုတောင်း ကောင်းချီးမင်္ဂလာပေးသည်။ ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပန္နက်တော်တင် တွင်းတော်ဝင်းအတွင်း နေရာယူကာ ပန္နက် တော် စိုက်ထူခြင်း၊ အမွှေးနံ့သာရည် ပက်ဖျန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တွင်းတော်ဝန်းမင်္ဂလာ ကို ဆင်ယင်ကျင်းပခဲ့ပြီး ပြည်ထောင်စု တရားသူကြီးချုပ်က ထုံးတမ်းအစဉ် အလာအတိုင်းဆောင်ရွက်ကာ အခမ်း အနားအောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် ရတနာရွှေမိုးငွေမိုးများရွာသွန်းဖြိုး ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများ ကျင်းပ





နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိ အမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက် ဖြင့် တက္ကသိုလ်အသီးသီးမှ ကိုယ်တိုင် ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ် များညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တက္ကသိုလ် လေ့ကျင့်ရေးတပ်များ၌ အောက်တိုဘာ ၁ ရက်မှစတင်၍ အခြေခံ စစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာ သင်တန်း စခန်းချလေ့ကျင့်ရေးသင်တန်း များကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် အောင်မြင်စွာသင်တန်းဆင်း ပေးနိုင်ခဲ့သည်။ အဆိုပါသင်တန်းဆင်းပွဲ များကို နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၊ မွန်ပြည်နယ် ချောင်းဆုံမြို့၊ ရန်ကုန်တိုင်း ဒေသကြီး မှော်ဘီမြို့၊ ဧရာဝတီတိုင်းဒေသ ကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ နယ်မြေခံသင်တန်း ကျောင်းခန်းမများ၌ ကျင်းပပြုလုပ် ကြသည်။



တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲ များ ကျင်းပစဉ်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြပြီး တိုင်း ဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ် များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချ လေ့ကျင့်ရေးသင်တန်းများအတွက် အမှတ် တရလက်ဆောင်ပစ္စည်းများ၊ ဆုတံဆိပ် ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ ကို ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးများနှင့် တာဝန် ရှိသူများက သင်တန်းသား၊ သင်တန်းသူ များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် ကြသည်။

အဆိုပါ သင်တန်းများတွင် ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၈၈ ဦးတို့ကို သင်တန်းကာလ ရက်ပေါင်း ၃၀ ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေး ဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ် ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင် မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေးဆိုင်ရာ ဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာ ဘာသာရပ်၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုဘာသာရပ် များနှင့် စက်ပစ်ကွင်းလက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများကို လေ့ကျင့်သင်ကြားပေး ခြင်းအပြင် အထွေထွေဗဟုသုတရရှိစေ ရေးအတွက် ပြင်ပလေ့လာရေးခရီးစဉ် များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြစ်ကြီးနားမြို့၊ ကျောက်တန်းမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဝေဠုဝန်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကန်ပြောင်ကျေးရွာနှင့်ပတ်ဝန်းကျင် ကျေးရွာများမှ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူဦးရေ ၁၁၀ တို့ကိုလည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် ပီလခတ်ကျေးရွာအုပ်စု တော်ကလိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၅၉ ဦးကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# သီပေါမြို့နယ်အတွင်း၌ အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်၊ ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။



သီပေါမြို့ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ အခြေခံပညာမူလတန်းကျောင်း(စံဖိတ်)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးစဉ်။



တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

သီပေါမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်ထိ အခြေခံပညာကျောင်း ရှစ်ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း အခြေခံပညာကျောင်း ၁၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၁၈၃ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၁၇၁ ဦးထိရှိပြီဖြစ်ပြီး အဆိုပါကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။ ထို့အတူ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အခြေခံပညာမူလတန်းကျောင်း(စံဖိတ်)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

အလားတူ သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၂ ဦးနှင့် အတွင်းလူနာ နှစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၀

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးဟန်ရွှေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးဟန်ရွှေ (ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)**

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဥက္ကဋ္ဌ ဦးဟန်ရွှေဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို ရေဒီယိုနဲ့ရုပ်မြင်သံကြားတို့မှ ဟောပြောဆွေးနွေးထုတ်လုပ်ခွင့်ရတဲ့အတွက် နိုင်ငံတော်မှ တာဝန်ရှိသူများနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒ့ါအပြင် နိုင်ငံတော်နဲ့ ပြည်သူရဲ့ကံကြမ္မာကိုဖော်ဆောင်ပေးနိုင်မယ့် မဲဆန္ဒရှင်များကို တိုက်ရိုက်ဟောပြောဆွေးနွေးခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ရှေးဦးစွာ ကျွန်တော်တို့ပါတီရဲ့အကြောင်းကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ပါတီတစ်ရပ်ဖွဲ့စည်းတည်ထောင်မယ်ဆိုရင် အခြေခံကျတဲ့ တိကျခိုင်မာတဲ့ နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးလမ်းစဉ်၊ နိုင်ငံရေးကျင့်စဉ်နဲ့ ဖွဲ့စည်းတည်ဆောက်မှုအဆင့်ဆင့်ရှိရန် လိုအပ်ပါတယ်။ ဒီအချက်များနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီကို လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့အခြေခံအကျဆုံးမူဝါဒဟာ **“လူအများကောင်းစားရေးဝါဒ”**ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတည်ထောင်ပြီး လူတစ်စု၊ လူတစ်ဖွဲ့၊ လူနည်းစုကောင်းစားရေးအတွက်မဟုတ်ဘဲ လူအများစုဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်တဲ့ လူသားအားလုံးကောင်းစားရေးဝါဒဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက **“ပြည်သူသာအဓိ၊ ပြည်သူသာအဖ”**လို့သတ်မှတ်ပြီး ပြည်သူကိုအဓိကထား၊ ပြည်သူကိုဗဟိုပြု၊ ပြည်သူကိုလေးလေးနက်နက်မဏ္ဍိုင်ပြုထားတဲ့ ပါတီတစ်ရပ်ဖြစ်ပါတယ်။ ပါတီရဲ့အတွေးအခေါ်အယူအဆတွေ၊ ပါတီရဲ့လက်တွေ့ဆောင်ရွက်ချက်တွေဟာ ပြည်သူ့အကျိုးစီးပွားကို မထိခိုက်စေရ၊ ပြည်သူရဲ့ကောင်းကျိုးသာဖြစ်ရမယ်လို့ခံယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ပါတီရဲ့လမ်းစဉ်ကိုကြည့်မယ်ဆိုရင် **“ပြည်သူ့အကျိုးပြု မြန်မာ့လမ်းစဉ်”**လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံနဲ့ပြည်သူအတွက် ချမှတ်တဲ့လမ်းစဉ်တွေကိုလည်း ပြည်သူ့အကျိုးစီးပွားနဲ့ မကင်းကွာဘဲ ချမှတ်ကြရမယ်လို့ တိတိကျကျညွှန်ပြထားပါတယ်။

ဒီမူဝါဒ၊ လမ်းစဉ်တွေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ မဇ္ဈိမပဋိပဒါကျင့်စဉ်နဲ့အညီ အမှားတွေကိုမြင်အောင်ကြည့်၊ တွေ့အောင်ရှာပြီး လွတ်အောင်ရှန်းကြရမယ်ဆိုတဲ့ ဝါဒ၊ လမ်းစဉ်ကျင့်စဉ်တွေနဲ့အညီ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်မှာ ဂုဏ်သိက္ခာရှိပြီး သက်တမ်းအရှည်ဆုံးပါတီတစ်ရပ်ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့မှာ (၃၇)နှစ်ပြည့်မြောက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒီလိုရပ်တည်နေနိုင်တာဟာ ပါတီဝင်တွေရဲ့ ပါတီအပေါ် လေးစားယုံကြည်မှု၊ ချစ်ခင်မြတ်နိုးမှုနဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ရှိပြီး စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြလို့သာဖြစ်ပါတယ်။ သက်တမ်းရှည်ကြာသည်နှင့်အမျှ အတွေ့အကြုံတွေအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် သည်းခံနိုင်မှု၊ စိတ်ရှည်မှု၊ ခွင့်လွှတ်နိုင်မှု စတဲ့အလေ့အကျင့်များရရှိကာ တည်ငြိမ်ရင့်ကျက်စွာနဲ့ဆောင်ရွက်နိုင်တဲ့

**စာမျက်နှာ ၂၁ သို့**

# ရခိုင့်ဦးဆောင်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၀

**ရခိုင့်ဦးဆောင်ပါတီ (Arakan Front Party – AFP)ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဒေါက်တာအေးမောင် (ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ (Arakan Front Party – AFP))**

**မင်္ဂလာပါ။**

**ပြည်ထောင်စုဖွား၊ မိဘပြည်သူများခင်ဗျာ။**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဦးစွာ ဆုမွန်ကောင်းများတောင်းအပ်ပါတယ်။ ကျွန်တော်က ရခိုင့်ဦးဆောင်ပါတီ Arakan Front Party (AFP) ရဲ့ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် နိုင်ငံရေးပါတီကြီးတိုင်းဟာ မိမိတို့ပါတီရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာမူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် နိုင်ငံတော်အား စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ အစိုးရအာဏာရရှိရေး ဦးတည်ကြစမြဲဖြစ်ပါတယ်။ နည်းတူ တိုင်းဒေသကြီး/ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီငယ်များသည်လည်း မိမိတို့ဒေသ၏စီမံခန့်ခွဲပိုင်ခွင့်ရရှိရေး တစ်နည်းဒေသအစိုးရ ပြည်နယ်အစိုးရအား ဦးဆောင်ဖွဲ့စည်းနိုင်ရေးနှင့်ဒေသအစိုးရ၌လည်းကောင်း၊ ဒေသဆိုင်ရာလွှတ်တော်၏ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ စသည်ဖြင့် ရရှိနိုင်ရေး ဦးတည်ကြစမြဲဖြစ်ပါတယ်။

သို့သော်လည်း နိုင်ငံတော်၏လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအကျပ်အတည်းနှင့် သဘာဝဘေးဒဏ်၊ လူလုပ်ဘေးဒဏ်တို့ကြောင့် ကြုံတွေ့ရင်ဆိုင်နေရသည့် မြန်မာလူထု၏ လူမှုဒုက္ခပေါင်းစုံမှကျော်လွှားစေနိုင်မည့် နိုင်ငံတော်တည်ဆောက်ရေး (Nation Building & State Building)ကဏ္ဍသည် အလွန်အရေးကြီးပြီး အလွန်နက်ရှိုင်းကျယ်ဝန်းသည်ဟု ရခိုင့်ဦးဆောင်ပါတီမှခံယူပါသဖြင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍ၏အရေးအကြီးဆုံး အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့ငြိမ်းချမ်းရေးကဏ္ဍ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် အမျိုးသားညီညွတ်ရေးကဏ္ဍတို့၌ ရခိုင့်ဦးဆောင်ပါတီသည် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်းကူညီပေးနိုင်ရေးသည် လက်တွေ့ကျပြီး အရေးကြီးသည့်လိုအပ်ချက်ဖြစ်သည်ဟုလည်းကောင်း၊

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ရင်းပြန်နိုင်ရေး၊ ရခိုင်ဒေသ၏ ကျေးလက်နှင့်မြို့ပြ ပြန်လည်တည်ဆောက်ရေးနှင့် ရခိုင်လူထု၏လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးတို့သည် အလွန်အရေးကြီးပြီး လက်ငင်းလိုအပ်ချက်များဖြစ်သဖြင့် ရခိုင့်ဦးဆောင်ပါတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရခိုင်ဒေသပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရမည်ဟုလည်းကောင်း၊ ရခိုင့်ဦးဆောင်ပါတီ၏လက်တွေ့ကျသည့် ရေတိုရေရှည်မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဖြစ်ခဲ့ပါတယ်။

**မိဘပြည်သူများခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီရဲ့ **နိုင်ငံရေးမူဝါဒနှင့် အခြေခံသဘောတရားများ**ကိုအကျဉ်းတင်ပြလိုပါတယ်။

“ရခိုင်တို့၌ အလေးအနက်ထားရမည့် အကျပ်အတည်းကြီးရှိသည်။ ယင်းမှာ အနောက်ဘက် နယ်စပ်လုံခြုံရေးဖြစ်သည်။ အလေးအနက်ထားရမည့် ပင်မအကျပ်အတည်းကိစ္စရပ်ကြီး၊ နိုင်ငံ၏အချုပ်အခြာအာဏာအား ထိပါးလာနိုင်သည့်အကျပ်အတည်းကိစ္စရပ်ကြီးဟု ခံယူလျက်”–

ရခိုင်ဒေသ၏တည်ရှိမှု ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အားအားသာချက်တို့အားအကြောင်းပြုလျက် ပြည်ပအင်အားကြီးတို့၏ အားပြိုင်လွှမ်းမိုးလိုမှုကြောင့် ရိုက်ခတ်လာနိုင်သည့် ဒေသတွင်း အလှုပ်အခတ်တို့ကို ဦးဆောင်တုံ့ပြန်နိုင်ရန် ပညာရှင်ဆန်သော ရခိုင်လူထု၏ သစ္စာခံသော ဦးဆောင်နိုင်ငံရေးပါတီတစ်ရပ်သည် ရခိုင်ဒေသ၌တည်ရှိရန် လိုအပ်ချက်ကြောင့် သွေးစည်းညီညွတ်သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ်ပေါ်ထွန်းရေး မျှော်မှန်းလျက် – တည်ထောင်ခဲ့သော ရခိုင့်ဦးဆောင်ပါတီသည် **“အစွန်းမရောက်သည့်အမျိုးသားရေးအခြေပြု မူဝါဒနှင့် အခြေခံသဘောတရား”** ရှိသည့် ပါတီတစ်ခုဖြစ်ပါတယ်။

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ရလဒ်ကောင်းတွေကိုရရှိခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို တည်ငြိမ်ရင့်ကျက်မှုတွေကြောင့် ပါတီအပေါ်ဝေဖန်မှု၊ အပြစ်ရှာပြောဆိုမှုတွေကို စိတ်ရှည်ရှည်နဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ခဲ့ပြီး ပြဿနာများပြေလည်ကာ၊ ရန်သူမရှိဘဲ မိတ်ဆွေတွေတိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ တရားဝင်ရပ်တည်လျက်ရှိတဲ့ ပါတီတွေနဲ့ဆက်ဆံရာမှာ ပါတီကြီး၊ ပါတီငယ်ဆိုတဲ့ သဘောထားမျိုးလုံးဝမရှိဘဲ တန်းတူရည်တူသဘောထားပြီး လေးလေးစားစားနဲ့အတူတကွလက်တွဲဆောင်ရွက်လျက်ရှိနေပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဆိုတဲ့ ပါတီအမည်နဲ့အညီ ပါတီမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်လျက်ရှိနေပါတယ်။ တိုင်းဒေသကြီးများနဲ့ပြည်နယ်တွေမှာ ပါတီကော်မတီတွေကိုဖွဲ့စည်းထားပြီး တိုင်းရင်းသားလူမျိုးများကိုယ်တိုင်ပါဝင်လှုပ်ရှားလျက်ရှိနေကြပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ပြန်တဲ့ နည်းဥပဒေညွှန်ကြားချက်များနဲ့အညီ ပါတီအင်အား(၁၅၁၉၀၀) ဦးကို ပုံစံ(၉)ဖြင့် သတ်မှတ်ကာလအတွင်း တင်ပြနိုင်ခဲ့လို့ ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ပါတီဝင်(၁၀၃၇၄၅)ဦးကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ခရိုင်ကော်မတီများနဲ့ မြို့နယ်ပေါင်း(၂၈၅) မြို့နယ်တွေမှာလည်း မြို့နယ်ကော်မတီတွေဖွဲ့စည်းပြီး စည်းရုံးဆောင်ရွက်လျက်ရှိနေပါတယ်။

မိမိပါတီရဲ့နှစ်ပတ်လည်နေ့အပါအဝင် နိုင်ငံတော်ရဲ့နေ့ထူးနေ့မြတ်ဖြစ်တဲ့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့၊ တောင်သူလယ်သမားနေ့၊ အမျိုးသမီးများနေ့၊ နိုင်ငံတကာလူငယ်များနေ့များကိုလည်း ပါတီဗဟိုကော်မတီဌာနချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များနဲ့ မြို့နယ်တွေမှာ အခမ်းအနားတွေကို ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီလိုကျင်းပပြုလုပ်ခြင်းဖြင့် အမျိုး၊ ဘာသာ၊ သာသနာနဲ့ တိုင်းပြည်ချစ်စိတ်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်များခိုင်မာစေရန် တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော့်အနေနဲ့ ဆက်ပြီးတင်ပြလိုတာကတော့ **"နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေး"**ပဲဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးကိုတည်ဆောက်ရာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအခြေပြုပြီး တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ညီရင်းအစ်ကို တိုင်းရင်းသားများအားလုံးလက်ခံပြီး လက်တွေ့ကျကျဆွေးနွေးညှိနှိုင်းအဖြေရှာကြဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့ပါတီက ဒီမိုကရေစီကိုအပြည့်အဝလက်ခံထားသလို ဖက်ဒရယ်စနစ်ကိုလည်း လေးလေးနက်နက်ယုံကြည်မှုရှိတဲ့ပါတီဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအချက်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီက တိုင်းရင်းသားလူမျိုးများအပေါ်မှာထားရှိတဲ့ သဘောထား(၃)ရပ်ကို အခိုင်အမာပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီသဘောထားတွေကတော့ -

(၁) တိုင်းရင်းသားလူမျိုးများအတွင်း အခွင့်ထူးခံမှုမရှိစေရဘဲ တန်းတူရည်တူရှိစေရေး၊
(၂) တိုင်းရင်းသားမျိုးနွယ်စုတစ်ခုချင်းစီရဲ့မိမိတို့ဘာသာစကား၊ယဉ်ကျေးမှုဓလေ့ထုံးတမ်း စသည်များနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေး၊
(၃) တိုင်းရင်းသားမျိုးနွယ်စုများအားလုံးအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရာမှာ ညီညာသောဖွံ့ဖြိုးတိုးတက်မှုရရှိစေရမယ်လို့ အခိုင်အမာပြဋ္ဌာန်းထားပြီး လက်တွေ့ဘဝမှာ မဖြစ်မနေကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီရဲ့ခံယူချက်ကတော့ ငြိမ်းချမ်းရေးကို လက်နက်နဲ့ဖြေရှင်းလို့မရနိုင်ဘဲ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုရအောင် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အပြန်အလှန်အပေးအယူတွေလုပ်ကာ အဖြေရှာကြမယ်ဆိုရင် ရလဒ်ကောင်းတွေရနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ ပတ်သက်လို့ **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်"**(NCA) ဖြစ်ထွန်းရေးမှစတင်ပြီး တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ (NCA)ဖော်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ နိုင်ငံရေးမူဘောင်(Political Frame Work) ရေးဆွဲတဲ့လုပ်ငန်းများမှာလည်း အစကတည်းက ပါဝင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးညီလာခံအဆင့်ဆင့်ကိုလည်း တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဟာ **"နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနဲ့တည်ငြိမ်အေးချမ်းရေး"**ကို ရရှိနိုင်ဖို့ စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်လို့ ပြည်သူတွေကို လေးလေးနက်နက် ကတိပေးတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

**"အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ"** နဲ့ **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်"**တို့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့နဲ့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ကျင်းပပြုလုပ်မယ်လို့ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲဟာ တိုင်းပြည်နဲ့ပြည်သူအတွက် အမှန်တကယ်လိုအပ်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်တယ်လို့ နိုင်ငံရေးအရ ယုံကြည်လက်ခံထားပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရရှိလာမယ်လို့မျှော်မှန်းထားပါတယ်။ ပြည်သူတွေကို တင်ပြလိုတာက ဒီမိုကရေစီတကယ်လိုချင်ရင် ရွေးကောက်ပွဲနဲ့ဖြတ်သန်းရပါလိမ့်မယ်။

ဒီမိုကရေစီနဲ့ရွေးကောက်ပွဲဟာ ခေါင်းနဲ့ပန်းလိုပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အေးချမ်းတည်ငြိမ်ဖို့ ဒီမိုကရေစီရဖို့ဆိုရင် ရွေးကောက်ပွဲနဲ့ ဖော်ဆောင်သွားရမှာဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူအားလုံးက ရွေးကောက်ပွဲကို တရားမျှတစွာ အေးအေးချမ်းချမ်းကျော်ဖြတ်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်ပေးကြဖို့ လေးလေးနက်နက် တိုက်တွန်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့လည်း ရွေးကောက်ပွဲအောင်မြင်ရေးသည် ပါတီရဲ့အဓိကတာဝန်တစ်ရပ်လို့ သတ်မှတ်ထားပါတယ်။ ရွေးကောက်ပွဲမှာ လွှတ်တော်အဆင့်ဆင့်မှာ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်ပေါင်း(၇၀၃)ဦးဝင်ရောက်ယှဉ်ပြိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဒုတိယအင်အားအများဆုံးနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းများတင်သွင်းရာမှာ အမျိုးသား၊ အမျိုးသမီး အချိုးအစား၊ လူငယ်၊ လူလတ်၊ လူကြီးမျှတစွာပါဝင်မှုနဲ့ တိုင်းရင်းသားမျိုးနွယ်စုများ စုံလင်စွာပါဝင်နိုင်မှုကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ ပြည်သူတွေကို ထုတ်ဖော်တင်ပြရတဲ့ ပါတီရဲ့ရွေးကောက်ပွဲ ကြေညာစာတမ်းကို လေးလေးစားစားထုတ်ပြန်တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာ မိမိတို့ကိုတာဝန်ပေးအပ်လာရင် တိုင်းပြည်အတွက် ဘယ်လိုစီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူထုလူတန်းစားများအရေး စတဲ့ကဏ္ဍပေါင်းစုံကို တလေးတစားတင်ပြထားပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲရဲ့ အနိုင်အရှုံးကို ပြည်သူတွေကဆုံးဖြတ်ပေးရတာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ အဆုံးအဖြတ်ကို ဝမ်းပန်းတသာ ကြိုဆိုလက်ခံသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများ မိမိတို့ရဲ့ဆန္ဒတွေကို ဖော်ထုတ်ကြတဲ့အခါမှာ စပါးနှံနဲ့ပင်နယန်အမှတ်တံဆိပ်ပါတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ထောက်ခံဆန္ဒမဲပေးသွားကြပါလို့ လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား -

**"ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနဲ့ ပြည့်စုံပြီး ရွှင်လန်းချမ်းမြေ့ကြပါစေ"**

**ဒို့ပါတီ**

တိုင်းရင်းသားအားလုံး .......... ညီညွတ်မည်။
ညီရင်းအစ်ကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ............. အောင်ရမည်။
မြန်မာပြည် ... ဒို့တိုင်းပြည် .... မြန်မာတို့ရဲ့ဇာတိသွေးက ဖွဲ့မာန်အပြည့်ရှိသည်၊ တိုင်းရင်းသားတို့ ထာဝရ စည်းလုံးညီညွတ်မည်၊
အမျိုးသားရေးကို ဦးတည်............ နိုင်ငံတော်ကို ချစ်မြတ်နိုးသည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ............. အောင်ရမည်။
မဲရုံသို့ .........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့..........မဲရုံသို့ သွားကြပါစို့၊
တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးရရှိဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ ..........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ ........ မဲရုံသို့ သွားကြပါစို့၊
အခြေခံလူတန်းစားများရဲ့ စီးပွားရေးဘဝမြှင့်တင်နိုင်ဖို့ ...၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ .......မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ .........မဲရုံသို့ သွားကြပါစို့၊
ပြည်သူများအတွက် မျှော်လင့်ချက်အသစ်ဖော်ဆောင်ဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ..... မဲပေးကြပါစို့၊
တိုင်းရင်းသားအားလုံး ............ညီညွတ်မည်။
ညီရင်းအစ်ကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ........... အောင်ရမည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ.............အောင်ရမည်။
အောင်ရမည်။

---

**စာမျက်နှာ ၂၀ မှအဆက်**

**မိဘပြည်သူများခင်ဗျာ -**

ရခိုင့်ဦးဆောင်ပါတီဖွဲ့စည်းစဉ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ပါတီတည်ထောင်ဖွဲ့စည်းရခြင်း **"ရည်ရွယ်ချက်(၇)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်"** တို့အား ဆက်လက်တင်ပြလိုပါတယ်။

ဦးစွာ ပါတီတည်ထောင်ရခြင်းရဲ့ **ရည်ရွယ်ချက် (၇)ရပ်**အား တင်ပြလိုပါတယ်။

( က ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်၏ ရပိုင်ခွင့်အပြည့်အဝရှိသော ရခိုင်ပြည်နယ်အဖြစ်၊ ပြည်ထောင်စုအတွင်း ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊
( ခ ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အခြားသော တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန်၊
( ဂ ) ရခိုင်တိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားများ၏အကျိုးစီးပွားကို ဖော်ဆောင်ရန်နှင့် အဆိုပါအကျိုးစီးပွားများ ရေရှည်တည်တံ့ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊
( ဃ ) ဒီမိုကရေစီစနစ်ပီပြင်စွာထွန်းကားရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊
( င ) ရခိုင်အမျိုးသားများ သွေးစည်းညီညွတ်ရေးနှင့် သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းလာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊
( စ ) ရခိုင်လူမျိုးနှင့် ရခိုင်ပြည်နယ်၏တည်ရှိမှုကိုသာမက ပြည်ထောင်စု၏အချုပ်အခြာအာဏာကိုပါ ထိပါးခြိမ်းခြောက်နေသည့် ရခိုင်ဒေသအနောက်ဘက်နယ်စပ်လုံခြုံရေးအား အလေးထားကာကွယ်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊
( ဆ ) ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ -**

ရခိုင့်ဦးဆောင်ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များအနက် အရေးကြီးသည့် **လုပ်ငန်းစဉ်များ**မှာ-

( က ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ရခိုင်တိုင်းရင်းသားတို့၏ ရပိုင်ခွင့်အပြည့်အဝရရှိရေး အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန်၊
( ခ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊
( ဂ ) ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး တိုးတက်ကောင်းမွန်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊
( ဃ ) ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊
( င ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနှင့် မကိုက်ညီသော အချက်အလက်များကိုပြင်ဆင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊
( စ ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားလယ်သမားများ၏အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊
( ဆ ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားအလုပ်သမားတို့၏အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊
( ဇ ) ရခိုင်ပြည်နယ်အတွင်းဆောင်ရွက်ကြသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏အကျိုးစီးပွားများကို ရခိုင်တိုင်းရင်းသားများအနေဖြင့် အမြင့်မားဆုံးအကျိုးခံစားခွင့်ရရှိနိုင်ရေး **စာမျက်နှာ ၂၂ သို့**

## ❑ နေရာကွက်၍မိုးကြီးနိုင်မှ


နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း နှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၃၀-၁၀-၂၀၂၅ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂-၁၁-၂၀၂၅ ရက်မှ ၃-၁၁-၂၀၂၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




## ☆ ကျောဖုံးမှအဆက်

စုစုပေါင်း ၃၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကားနှင့် ရထားဝိုင်း၊ ကလေးစီးလှုပ်စီနှင့် ဒုံးစသည့် ကစားနည်းများအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျူးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုးစသည့် နာမည်ကြီး အဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ ညစဉ် သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ နိုင်ငံကျော်ဇာတ်မင်းသား ဖိုးချစ်ဇာတ်သဘင်၏ ညစဉ်ကပြတင်ဆက်မှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❍ ဘိလပ်မြေများမှအဆက်

ဘိလပ်မြေအိတ် ၉၇၂၀(တန်ချိန် ၄၈၆ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရွှေကြက်ယက်ဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေး လက်ခံခဲ့ကြကာ တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ငလျင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောဆောက်လုပ်ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ HRB 500 အမျိုးအစားသံချောင်းလုံး တန်ချိန် ၂၂၉ ဒသမ ၆၃ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြားအချပ် ၄၉၀၀၀ (တန်ချိန် ၂၂၇ ဒသမ ၉၁ တန်)နှင့် ဘိလပ်မြေအိတ် ၁၉၄၆၀ (တန်ချိန် ၉၇၃ တန်)တို့ကို ပို့ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## စာမျက်နှာ ၂၁ မှအဆက်

ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဈ ) ရခိုင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့နှင့် အခြားအမွေအနှစ်များအား ရှာဖွေထိန်းသိမ်းဖော်ထုတ်မြှင့်တင်သွားရန်၊ ရခိုင်လူမျိုးတို့၏အဓိကသမိုင်းအမွေအနှစ် ယဉ်ကျေးမှုနယ်မြေတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ဆောင်ရွက်ရန်၊

( ည ) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးတက်မြင့်မားကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားရန်၊

( ဋ ) ရခိုင်ပြည်နယ်၏ အနောက်ဘက်နယ်စပ်ဒေသလုံခြုံရေးအား အလေးထားဆောင်ရွက်ရန်၊

( ဌ ) ရခိုင်တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး ပြည်ပနိုင်ငံများ၌ ဘေးကင်းလုံခြုံစွာ အလုပ်လုပ်ကိုင်နိုင်ရေးနှင့် မိမိနိုင်ငံသို့ဂုဏ်သိက္ခာရှိရှိပြန်လည်ရောက်ရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားရန်၊

( ဍ ) နေရပ်စွန့်ခွာ ရခိုင်သူ ရခိုင်သားများ ပြန်လည်အခြေစိုက်နိုင်ရန် အလို့ငှာ၊ ၎င်းတို့အတွက် ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

( ဎ ) ကမ္ဘာကြီးပူနွေးလာမှုလျှော့ချနိုင်ရေး အားထုတ်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လက်တွဲကာ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများတွင် ကူညီပံ့ပိုးသွားရန်၊

( ဏ ) ရခိုင်ပြည်နယ်အတွင်း ရင်ဆိုင်ရသည့်သဘာဝဘေးအန္တရာယ်များနှင့် လူသားအရင်းခံဘေးအန္တရာယ်များကြောင့် နောက်ဆက်တွဲလုပ်ဆောင်ရသည့် ဘေးဒုက္ခကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါတီအနေဖြင့် ဖြစ်နိုင်သမျှသောစွမ်းပကားများဖြင့်ပါဝင်ဆောင်ရွက်ရန်၊

( တ ) ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များပေါ်ထွန်းရေးအပြင် ဒေသတွင်း ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ထ ) ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား ဦးဆောင်ဖွဲ့စည်းတာဝန်ယူရမည့်အခြေအနေပေါ်ပေါက်လာပါက တာဝန်ယူနိုင်သည့် စွမ်းပကားရှိနေအောင် မူဝါဒရေးရာပိုင်းနှင့် ပါတီ၏လူ့စွမ်းအားအရည်အသွေးပိုင်းကို စဉ်ဆက်မပြတ်တည်ဆောက်ကာ အဆင်သင့်ပြင်ဆင်ထားရန်၊

( ဒ ) ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်တိုင်းရင်းသားလူငယ်များနှင့် ရခိုင်မျိုးနွယ်စုလူငယ်များ၏ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဓ ) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ၏ **“လက်ရှိစစ်ရေး နိုင်ငံရေးအကျပ်အတည်းကာလ၌ အထူးအလေးထားပြီး ရေတို၊ ရေရှည်အဓိကဦးစားပေး ကြိုးပမ်းဆောင်ရွက်သွားမည့်”** ရခိုင့်ဦးဆောင်ပါတီ၏ **ရှေ့လုပ်ငန်းစဉ်များ**ကတော့ –

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးရရှိသည်အထိ သက်ဆိုင်သူများနှင့် ဘက်ပေါင်းစုံမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) ရခိုင်ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) ပြည်သူများ၏စိတ်အေးချမ်းသာမှုနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများကို တတ်စွမ်းသရွေ့ဆောင်ရွက်ရန်၊

(၅) ရခိုင်စစ်ဘေးရှောင်များ နေရပ်ရင်းပြန်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားမှုများကြောင့် အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ စရိတ်ကြီးမားသည့် ရခိုင်ပြည်သူများ၏အခက်အခဲကို ကြိုးစားဖြေရှင်းရန်၊

(၇) ရခိုင်ဒေသနေ လူမျိုးနွယ်စုအချင်းချင်း အေးချမ်းတည်ငြိမ်လုံခြုံစွာ၊ သဟဇာတရှိစွာ၊ အတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်၊

(၉) ရခိုင်ဒေသပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ –**

အထက်တင်ပြပါ ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် လက်ရှိကာလတွင် အထူးအလေးထားဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များပါ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရခိုင့်ဦးဆောင်ပါတီ၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်အသီးသီးသို့ ရွေးချယ်စေလွှတ်ခံရရန်လိုအပ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲဟာ အခြေခံအကျဆုံးသော လူထုရဲ့ထောက်ခံမှု၊ ယုံကြည်လက်ခံမှုနှင့် မိမိတို့အားကိုယ်စားပြုမည့် ပုဂ္ဂိုလ်နှင့်ပါတီအား ရွေးချယ်ပေးတဲ့ စာမေးပွဲကြီးတစ်ရပ်ဖြစ်ပါတယ်။ တစ်နည်း ဥပဒေပြုလွှတ်တော်တစ်ရပ်ရပ်ရဲ့ ဝင်ပေါက်တံခါးဝလည်းဖြစ်ပါတယ်။

ပါတီတစ်ခုသည်လည်းကောင်း၊ ပါတီကိုယ်စားပြု အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း၊ လူထု၏ ယုံကြည်မှု၊ အားကိုးမှု၊ ယုံကြည်အားကိုးထိုက်သည့် လုံလောက်သော ပညာအရည်အချင်း၊ ဉာဏ်ရည်၊ သတ္တိဗျတ္တိနှင့်ရဲရင့်မှု စသည့်နှလုံးရည် လက်ရုံးရည်ရှိရန်လိုအပ်သလို နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်၊ ဒေသနှင့် ပြည်နယ်အပေါ်၊ လူမျိုးနှင့်လူထုအပေါ်၊ သစ္စာရှိပြီး ရိုးသားကြရန် ကိုယ်ကျင့်သိက္ခာပြည့်ဝကြရန်၊ ပြည်သူကို အစွမ်းကုန်အလုပ်အကျွေးပြုကြရန်နှင့် အလုပ်ကြိုးစားကြရန်လိုအပ်ပါတယ်။

သို့မှသာ “ပါတီနှင့် လူထု”သည်လည်းကောင်း၊ “ပါတီနှင့် ကိုယ်စားလှယ်များ”သည်လည်းကောင်း၊ “ပါတီ၊ ကိုယ်စားလှယ်နှင့် လူထု” တို့သည်လည်းကောင်း၊ တစ်သားတည်းဖြစ်သွားမှာဖြစ်သလို နိုင်ငံတော်အပေါ်၊ ဒေသနှင့်ပြည်နယ်အပေါ်၊ အပြန်အလှန်အကျိုးပြုရင်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်ပေးနိုင်ကြမှာဖြစ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများခင်ဗျာ –**

**ရခိုင်အမျိုးသားများနှင့် ရခိုင်မျိုးနွယ်စုဝင် မိဘပြည်သူများခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ တင်ပြခဲ့ပြီးပါပြီ။ ရခိုင့်ဦးဆောင်ပါတီအပေါ် လေ့လာသုံးသပ်ပေးကြပါ။ ရခိုင့်ဦးဆောင်ပါတီကို ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်း၊ ဉာဏ်ရည်စွမ်းဆောင်ချက်များနှင့် ရိုးသားမှု၊ ကြိုးစားမှု၊ ကိုယ်ကျင့်သိက္ခာ၊ ရခိုင်ပြည်နယ် ရခိုင်လူမျိုးနှင့် ပြည်ထောင်စုအကျိုး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်သစ်ဆီသို့ဦးတည်သည့်ရည်မှန်းချက်များအပေါ် သဘောပေါက်စွာဖြင့် ရခိုင့်ဦးဆောင်ပါတီမှ ကိုယ်စားလှယ်လောင်းများ သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ရောက်ရှိရေး ရွေးချယ်ပေးကြဖို့ ဆန္ဒမဲပေးကြဖို့ လေးနက်စွာတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများ၊**

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုရသကို အမြန်ဆုံးခံစားနိုင်ကြပါစေ။ ရခိုင်ပြည်နယ် အမြန်ဆုံးငြိမ်းချမ်းတည်ငြိမ်ပါစေ။

စစ်ဘေးရှောင်များ အမြန်ဆုံး နေရပ်ရင်းပြန်နိုင်ကြပါစေ။

ရခိုင့်ဦးဆောင်ပါတီ

(ဗဟိုအလုပ်အမှုဆောင်အဖွဲ့)

### ရခိုင့်ဦးဆောင်ပါတီ (AFP) သီချင်း

**ကြာချိန် – ၃:၄၃ မိနစ်**

# ရခိုင်ပြည်သူတွေ ဒုက္ခပင်လယ်ထဲ မုန်တိုင်းတွေက ဖြတ်သန်းနေတဲ့အချိန် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ်နဲ့ ပေးဆပ်ရန်အတွက် သန္နိဋ္ဌာန် ချထားပါတဲ့ ရခိုင့်ဦးဆောင်ပါတီ။

# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party

# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party

# ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်မည်။ ပြည်သူတို့အတွက် သတ္တိရှိရှိ ထုတ်ဖော်မည်။

# ရခိုင့်ဦးဆောင်ပါတီကို မဲပေးကြမယ်။ ရခိုင်ပြည်အနာဂတ်အတွက်လေ။

# ရခိုင့်ဦးဆောင်ပါတီနှင့်အတူ ချီတက်ကြမယ်။ ရခိုင်ပြည်အေးချမ်းဖွံ့ဖြိုးဖို့အတွက်လေ။

# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party

# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party

# အသက် ၁၀၀ ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် နှစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်



ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးချစ်လွင်(အငြိမ်းစား)နှင့် လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဒုတိယအရာခံဗိုလ်အောင်မြင့်(အငြိမ်းစား)တို့ကို ရန်ကုန်တိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် အသက် ၁၀၀ ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၀ ပြည့် ဗိုလ်မှူးချစ်လွင်(အငြိမ်းစား)နှင့် ဒုတိယအရာခံဗိုလ်အောင်မြင့်(အငြိမ်းစား) တို့ကို ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ ရန်ကုန်တိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၊ အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးထက်သျှန်ဖြိုးအား အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့်မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့်မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၃၀

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက မွေးရာပါ နှလုံးရောဂါလူနာကလေးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေး၊ ခွဲစိတ်ကုသရန်လိုအပ်သည့် ကလေးလူနာများကို ယူနန်ပြည်နယ်ရှိ ဖူးဝေဆေးရုံသို့ အခမဲ့ခေါ်ဆောင်ကုသပေးသွားမည်ဖြစ်




**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံကြီး ကလေးအထူးကုဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဖူးဝေဆေးရုံ Chinese Academy of Medical Science တို့ ပူးပေါင်းပြီး နှစ်နိုင်ငံချစ်ကြည်ရေး ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အဖြစ် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက မွေးရာပါ နှလုံးရောဂါ လူနာကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယမန်နေ့က ရန်ကင်းကလေးဆေးရုံကြီး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက ဆေးရုံသို့ လာရောက်ဆေးကုသသည့် မွေးရာပါ နှလုံးရောဂါ လူနာ ကလေးငယ် ၂၈ ဦးကို ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သည့် ကလေး လူနာများကို ယူနန်ပြည်နယ်ရှိ ဖူးဝေဆေးရုံသို့ အခမဲ့ခေါ်ဆောင် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံ ချစ်ကြည်ရေး ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အဖြစ် ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာနက ထောက်ပံ့လှူဒါန်းပြီး Kunming Yundi Behavior and Health Research Center(China) နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် အောက်တိုဘာ ၂၅ ရက်ကလည်း ရန်ကင်းကလေးဆေးရုံကြီး၌ ဆေးကုသနေသည့် အသက်ခြောက်လမှ ကိုးနှစ်အရွယ် မွေးရာပါနှလုံးရောဂါ လူနာကလေးငယ်တစ်ဦးချင်းစီအတွက် သုံးလစာ အာဟာရဖြည့်စွက်စာများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ညီမ်းသူ(သတင်းစဉ်)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံ ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၃၀**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မယ်ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသားဦးရေ ၂၀၊ နီပေါနိုင်ငံသား နှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံ ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေစဉ်။

ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၃၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၉၃၆၅ ဦးကို စုစုပေါင်း ၁၀၆၉၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၅၉၆ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပင်လောင်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် သတင်းအရ ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် ရှိုင်းဗိုလ်(ခ)ငမော့ မောင်းနှင်လာသော DONGFENG မော်တော်ယာဉ်ပေါ်မှ ဘိန်းဆီခဲ ၇၄ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ကိုးကီလို၊ အက်တက်စီ ဆေးပြား ၁၀၀၀ ၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ သတင်းကွင်းဆက်အရ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ည) ရပ်ကွက် ၅၅ - ၅၆ လမ်းကြားနှင့် ၁၄၁ - ၁၄၂ လမ်းကြားတွင် ဇင်ဖြိုးဦး(ခ)ကိုဖြိုးကို NISSAN ၁၂ ဘီး မော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၇၇၅ ဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို




ပင်လောင်းမြို့နယ်တွင် ပြစ်မှုကျူးလွန်သူ ရှိုင်းဗိုလ်(ခ)ငမော့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။




ပြည်ကြီးတံခွန်မြို့နယ်တွင် ပြစ်မှုကျူးလွန်သူ ဇင်ဖြိုးဦး(ခ)ကိုဖြိုးကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

(၎င်းဒေသတန်ဖိုးငွေကျပ် ၁၅၄၂ ဒသမ ၅ သိန်း)၊ ဘိန်းဆီခဲ ၇၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၄၈၀)၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၉ ဒသမ ၇၇၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၃၃၀)၊ အက်တက်စီဆေးပြား ၁၀၀၀ (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၅၀)၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၁၂၀)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၇၀) စုစုပေါင်း တန်ဖိုးငွေကျပ် ၁ ဒသမ ၁၄၉၂၅ ဘီလီယံ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ မော်တော်ယာဉ် နှစ်စီး၏ပိုင်ရှင် ရဲစိုးဦး(ခ)ရဲနိုင် (ဖမ်းဆီးရန်ကျန်)သည် မိုင်းရယ်မြို့မှ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများကို ကရင်ပြည်နယ်ဘားအံမြို့သို့လည်းကောင်း၊ မန္တလေးမြို့သို့ လည်းကောင်း၊ ဘုတလင်မြို့နယ်နေ ရာဇာလင်း(ခ) မော်စီ (ဖမ်းဆီးရန်ကျန်)နှင့် ရှိုင်းဗိုလ်(ခ)ငမော့တို့ကို သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၇၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၅၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေပဲဧက ၁၇၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဆီထွက်သီးနှံမြေပဲကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အုန်းသီးအနုအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဒေသထွက် အုန်းသီးအနုအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အုန်းသီးအနုအလုံးရေ ၅၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလအတွင်း အုန်းသီးအနုအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲအဓိကတင်ပို့ရောင်းချပါတယ်။ စက်တင်ဘာလထဲမှာလဲ အုန်းသီးအနုတွေ ဝယ်ယူအားကောင်းခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ အုန်းသီးအနုတွေ ဝယ်ယူအားကောင်းနေပါတယ်။ ကျွန်မတို့ ပွဲရုံပိုင်ရှင်တွေက အုန်းပင်စိုက်တောင်သူတွေဆီကနေ အုန်းသီးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ဒေသထွက် အုန်းသီးအနုတွေ ဝယ်လိုအားတက်လာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကိုရင့်တဲ့ထိစောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်" ဟု ဖျာပုံမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းပင်စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မုဒုံမြို့နယ် ကော့လှကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်နေမှု စစ်ဆေး

**မုဒုံ အောက်တိုဘာ ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့လှကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေဖြင့် အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မုဒုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့လှကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါအရှည် ၇၃၈ ပေ၊ အကျယ် တစ်ပေခြောက်လက်မ၊ အမြင့် နှစ်ပေရှိ အုတ်စီရေမြောင်းတည်ဆောက်ခြင်း လုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ရန်ပုံငွေကျပ် ၁၂ ဒသမ ၄၅ သန်းဖြင့် မုဒုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်တင်ဘာလ ဒုတိယပတ်မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ဆောင်းဝင်ချိန်

- အေးမြမြ နှင်းရည်စက်
ဝဲကျလျက် ဟေမန်ခါ၊
ပတ်ဝန်းကျင် မြူတွေဆိုင်း
ရစ်သိုင်းဖွဲ့ကာ၊
နံနက်ခင်း အရုဏ်မှာ
လမ်းလျှောက်ကာ လတ်ဆတ်နွေး၊
ရှုခင်းတွေ ကြည့်မဝ
လှပလို့ အေး။

- ကောက်နှံစပါး ရင့်မှည့်ကြ
ဆောင်းကာလ နှင်းကျချိန်၊
ရိတ်သိမ်းကာ ဝင်ငွေကောင်း
ရောင်းဝယ်လို့ မိန်၊
လှူဒါန်းကြ ကျောင်းဇရပ်သိမ်
ကျေးမွေးမြိန် သဒ္ဓါတရား၊
နိဗ္ဗာန်ကို မျှော်ရည်မှန်း
လမ်းဖြောင့်စေသား။

- ဝါကျွတ်လို့ မင်္ဂလာပြု
ဘဝတစ်ခု စတည်ထောင်၊
လက်တွဲဖော် မောင်နှံများ
ကြိုးစားရှေ့ဆောင်၊
ဆုံးမစကား နားစိုက်ထောင်
အောင်မြင်ရာ ခရီးလမ်း၊
ဖြောင့်ဖြူးကာ သာစေကြောင်း
တောင်းဆုခြွေလှမ်း။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

# နောင်မွန်မြို့နယ် နမ်ပန်ဒမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်မွန် အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ်ပန်ဒမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက နမ်ပန်ဒမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၇ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားရှိသောမွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများနှင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း အမှန်တကယ်လိုက်နာဆောင်ရွက်ထားမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နမ်ပန်ဒမ်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုံးသန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ကိုးသန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၇ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

ဝတ္ထုတိုကဏ္ဍ

# တစ်ပွဲစား စံနက်ကျော်

## မောင်ခြိမ့်



(၁)

ကောင်းကင်မည်းမည်းကြီးပေါ်တွင် တစ်လုံး၊ နှစ်လုံးသာ ပြောက်တိပြောက်ကျား မြင်နေရသည့် ကြယ်ကလေးများ၏ အလင်းရောင်က ဖျော့တော့ မှေးမှိန်လှသဖြင့် ရပ်ရှစ်ခွင်ကို ဝေဝေဝါးဝါးသာ မြင်နေရသည်။

တစ်ခါတစ်ခါ လေကြမ်းကြမ်းဝင်ဆောင့်လေသဖြင့် ကမ်းစပ်ရှိ လမု၊ သံဒတ်၊ ပျဉ်းမပင်များဆီက သစ်ရွက်ချင်းခတ်သံ သစ်ကိုင်းချင်း ထိသံများ တသောသောလွင့်ပျံလာနေသည်။

တိုက်ခတ်နေသော လေထဲတွင် မိုးနံ့များ ပါလာနေသည်။ မြစ်ပြင်သည် လေငြိမ်နေခိုက်တွင် စိတ်ကောင်းဝင် ခွေနေတတ်သော မြွေဟောက်ကြီး တစ်ကောင်ကဲ့သို့ တုတ်တုတ်မျှ မလှုပ်စတမ်း ဣန္ဒြေရနေသော်လည်း လေသရမ်းဝှေ့ယမ်းလေလျှင် လှိုင်းကြမ်းကြီးများ ဆူပွက်ရုန်းကြွလာကာ ဒေါသနှင့် ပါးပျဉ်းထောင်နေသည့် မြွေတစ်ကောင်အလား ကြောက်စရာကောင်းနေတော့သည်။

မြစ်ညာဘက်သို့လည်းကောင်း၊ အကြေဘက်သို့လည်းကောင်း တစ်စုံတစ်ခုကို မြင်နိုးနိုးနှင့် လှမ်းကြည့်လိုက်လျှင် ... မီးခွက်၊ မီးအုပ် အရောင်ဘာတစ်ခုမှ မြင်တွေ့ရခြင်းမျိုးမရှိ၊ လှိုင်းဘောင်ဘင်ခတ်နေသဖြင့် လှေကလေးသည် ဦးမော့တက်လာလိုက် ပြန်နစ်သွားလိုက် ပဲ့ထောင်လာလိုက်၊ နိမ့်ကျသွားလိုက်နှင့် ကသောင်းကနင်းဖြစ်နေတော့သည်။

မိုးဦးကျကာစဖြစ်၍ မိုးလေကမမှန်သေး၊ မြန်မာပြည်အောက်ပိုင်းဆီသို့ တိုးတိုက်ဝင်ရောက်လာစ မုတ်သုံလေသည် အားကောင်းနေလျှင် သုံး၊ လေးရက်ဆက်တိုက်ရွာပြီး အားပျော့ချိန်တွင်တော့ ကျောက်ခွဲအောင် နေကပူပြန်သေး၏။

သည်ကနေ့ နံနက်ပိုင်းထိ နေကသာနေသည်။ ညနေစောင်း မီးခွက်ထွန်းချိန်ထိ မိုးကရွာမည့်အရိပ်အဆင်မမြင်ရသေး။ ဘယ့်နှယ့်ဖြစ်၍ အခုလို ရေတက်ခါနီးကျမှ ရွာရန်ဆင်နေရပါသလဲ။

"ဒီလိုမှန်းသာသိရင် မြစ်မကြီးဘက် ထွက်မလာခဲ့ပါဘူးကွာ"ဟု တစ်ယောက်တည်း ရေရွတ်ရင်း အားငယ်စိတ်များ ဝင်လာမိတော့၏။ ရွာထဲကကောင်တွေ မြစ်မကြီးထဲမှာ ယခုလိုလှိုင်းထန်စပြုချိန်မှာ တစ်ယောက်မှရှိမှာမဟုတ်၊ မတော်လို့များ အကူအညီတစ်စုံတစ်ရာများ လိုအပ်ခဲ့လျှင် မည်သူ့ကို အကူအညီတောင်းရပါမည်နည်း"

ပြန်မယ်ဟုဆုံးဖြတ်ပြီး မျှောချထားသော ငါးမျှားပဒေသာတွဲကြီးကို ရုပ်သိမ်းရန် လှေဦးဘက်ဆီဖင်ရွှေ့လာခဲ့သည်။

ဟော... မိုးစက်ကလေးတွေပါလာပြီ ... မိုးပါလာလျှင် လေငြိမ်သွားရိုးဓမ္မတာအတိုင်း လေတိုက်နှုန်းပျော့သွားပြီ... လေတိုက်နှုန်းပျော့လာလျှင် လှိုင်းပါပျဉ်းကြီးတွေ စစ်မခင်းကြတော့။ သို့သော် အမှောင်ထုက ပို၍သိပ်သည်းလာတော့၏။

ထိုအခိုက်မှာပင် လှေကလေး ငြိမ့်ခနဲလှုပ်ခါသွားပြီး ရှေ့ဘက်သို့ အရှိန်နှင့်ပြေးထွက်သွားသည်။ ပက်လက်လန်လဲမကျရအောင် လှေနံနှစ်ဖက်ကို လှမ်းဆုပ်ဆွဲကိုင်ထားလိုက်ရ၏။

"ဘာလဲဟ"ဟု အလန့်တကြားပြောနေဆဲမှာပင် ရှေ့ကနေဆွဲငင် ရုန်းနေမှုကြောင့် လှေဦးသည် ရေထဲနစ်ဝင်ကာ တရွတ်တိုက်ပါသွားသဖြင့် ရေပန်းများ တဖွားဖွားထွက်လာသည်။

"ဘုရား ... ဘုရား ဒါ ငါးကြီးတစ်ကောင် ရေအောက်ကနေ ဆွဲပြေးတာပဲ... ဘယ်လောက်ကြီးပါလိမ့် ဘာကောင်ကြီးပါလိမ့်" ဘာပဲဖြစ်ဖြစ် သည်အတိုင်းဆို မကြာခင်လှေကလေး နစ်မြုပ်တော့မည်။

ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်ပြီး ... ခရီးထွက်တိုင်း ဆောင်လာလေ့ရှိသော စလူဖူးဓားရှည်အားအသာစမ်းကိုင်ပြီး လှေဦးတုံးမှာ ချည်ထားသောတန်းကြိုးကို မှောင်ထဲမှာပင်ခုတ်ဖြတ်လိုက်တော့သည်။

(၂)

"မနေ့က ကိုထွန်းတို့ပိုက်ကို ဘာကောင်ဝင်တိုးသွားသလဲမသိဘူးတဲ့ လက်လံလေး၊ ငါးလံလောက်ပြတ်ပါသွားသတဲ့"

"လက်ပံပင်ဝဲနားမှာ တစ်ခါတစ်ခါ ထပေါ်တဲ့ အကောင်ကြီးဟာ ဆယ့်လေးတောင်လှေထက် ပိုကြီးသတဲ့ကွ။ အရီးမအေးကြည်တို့ ဈေးကောက်သွားရင်း တွေ့ခဲ့တာတဲ့။ နံနက်စောစော ဝေလီဝေလင်းဆိုတော့ သဲသဲကွဲကွဲတော့ မမြင်လိုက်ရဘူးလို့ပြောတယ်"

"ဒါဆို အောင်ရှိန်းတန်းကြိုးကို ရေအောက်ကနေဆွဲပြေးတဲ့ကောင်ကြီးများဖြစ်နေမလားမသိဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ လှေပေါ်မှာနေပြီး ရှာဖွေစားတဲ့သူတွေထက် ရေထဲဆင်း ပိုက်ဆွဲရတဲ့ လင်းပိုက်သမားတွေက ပိုပြီးသတိထားကြဖို့လိုတယ်ကွ"

တစ်ယောက်တစ်ပေါက်ပြောနေကြသည့် အသံတွေကြောင့် အဘစံနက်ကျော်၏ အိမ်ကလေးအတွင်းတွင် စကားသံတွေ၊ ရယ်သံတွေ၊ ငြင်းခုံသံတွေဝေစည်လျက်ရှိ၏။

တံငါအိုကြီး အဘစံနက်ကျော်ကတော့ ဘာတစ်ခွန်းမှထပ်မပြော။ ဝါစိမ်းနီဆေးပေါ့လိပ်ကြီးကို သာ မှုိင်း၍ဖွာရင်း တစ်ယောက်တစ်မျိုးပြောနေကြသူတွေကိုသာ စေ့စေ့ကြည့်ပြီး အသာနားထောင်လျက်ရှိသည်။

ရေထရက်ပေမို့ ... မြစ်ထဲချောင်းထဲတွင် ရေတွေအတက်ကြမ်းနေသဖြင့် ရွာထဲကတံငါတွေ အလုပ်မဆင်းကြဘဲ အားလပ်လျက်ရှိ၏။ မကြာသေးခင်ကလေးက တိုက်ခတ်မွှေနှောက်သွားသော မုန်တိုင်းဒဏ်ကိုပြင်းပြင်းထန်ထန် မခံလိုက်ရပေမယ့် အိမ်တွေအမိုးလန်သူလန်၊ ယိုင်သည့် အိမ်ကယိုင်နှင့် တချို့များဆို ယခုထက်ထိ ပြင်ဆင်နေရဆဲရှိသေး၏။

သုံးပင်နှစ်ခန်း ဓနိမိုးထရံကာ၊ ပျဉ်ခင်းထားသော အဘစံနက်ကျော်၏ အိမ်ကလေးပင် လေပြင်းက ဆင်တိုးသလိုဝင်တိုးသွားလေသဖြင့် ယိုင်ထွက်သွားလေရာ ရွာထဲက ဆွေနီးမျိုးစပ်တွေရော ခင်မင်သူများပါ လာရောက်ဝိုင်းကူ၍ ကျားကန်တည့်မတ်ပေးရင်း စကားဝိုင်းဖွဲ့နေကြခြင်းဖြစ်၏။

"ကြည့်သွား ကြည့်လာကြပေါ့ကွာ . . . အဲသည်လက်ပံပင် ဝဲခွဆိုင်ကြီးက အခုမှတော်သွားသေးတာ။ တို့ငယ်ငယ်တုန်းကဆိုရင် တော်ရုံလူဘယ်ဖြတ်ရဲလို့လဲ .... တစ်နှစ်တစ်ခါလည်း လူစားတတ်တယ်လို့ ယုံကြည်ထားကြတယ်ကွ။ ဝဲစောင့်တွေဘာတွေလည်း ရှိချင်ရှိနိုင်တာပဲကွ" အဘစံနက်ကျော်၏ ငယ်သူငယ်ချင်း ဖိုးသံဒိုင်ကပြောလျှင် ဝဲစောင့်ဆိုသည့်စကားပါသွားသဖြင့် အဘစံနက်ကျော်က သဘောမကျသည့်ပုံနှင့် သောက်လက်စ ရေနွေးကြမ်းခွက်ကို ဆောင့်၍ချလိုက်သည်။

နဂိုကတည်းက အသည်းကလည်းငယ် သရဲတစ္ဆေဆိုလျှင် သေးဖျန်းဖျန်းပါအောင် ကြောက်တတ်လှသော အောင်ရှိန်းက "ကျွန်တော်လဲ တံငါလုပ်စားလာတာကြာပါပြီဗျာ . . . ကျုပ်လှေ ဆယ့်လေးတောင်လောက်ကြီးကို . . ရေအောက်ထဲ စိုက်ဆင်းသွားအောင် ဆွဲနိုင်တဲ့အကောင်ဟာ ရိုးရိုးငါးတော့ မဟုတ်နိုင်ဘူးဗျ။ လှေဦးက ကြိုးတန်းကို ဓားနဲ့အမြန်ဖြတ်နိုင်လို့ပေ့ါဗျာ။ နို့မိုဆိုရင်" ဟု စကားကိုမဆက်ဘဲ ကျောချမ်းသွားဟန်နှင့် ပခုံးနှစ်ဖက်တွန့်၏။

ဖိုးနီ၊ ကိုရွှေဖောင်၊ ကိုညို၊ ကိုတင်အုံး၊ စိန်ကုလား၊ ငခွေးကြီးတို့ကတော့ ဘာတစ်ခွန်းမျှဝင်မပြောဘဲ ငြိမ်ပြီးနားထောင်နေကြသည်။ တကယ်တမ်းကျတော့ သူတို့တစ်တွေသည် အတွေ့အကြုံနုနယ်ကြသေးသည်မဟုတ်လား။

"အေးပေ့ါလေ ငါးလား၊ ဖားလားဆိုတာ တစ်နေ့တော့ အဖြေပေါ်လာရမှာပေ့ါကွာ"ဟုပြောပြီး အိမ်ပေါ်တွင် ဝိုင်းထိုင်နေကြသည့် လူငယ်တစ်စုကိုကြည့်ကာ အဘစံနက်ကျော်သည် တစ်စုံတစ်ခုကို စဉ်းစားနေပုံနှင့်ငြိမ်သက်လျက်ရှိသည်။

(၃)

မြစ်သုံးခွဆိုင်နေရာတွင် ရေစီးအရှိန်က ပြင်းလှ၏။ သုံးဖက်သုံးတန် အရှိန်အဟုန်ဖြင့်စီးဆင်းလာကြသော ရေလုံးရေစွယ်အချင်းချင်း အားပြိုင်တိုးဝှေ့ကြသောအခါ အားနည်းသောဘက်သို့ အိဆင်းကာချာလည်လှည့်လေသဖြင့် ဝဲကတော့ကြီးဖြစ်နေတော့သည်။

တအုန်းအုန်းတဗျင်းဗျင်း မနားစတမ်းရွာချနေသောမိုးကြောင့် မြစ်ရေပြင်သည် တဖြည်းဖြည်းပြည့်လျှံလာတော့သည်။ ရေ၏အရောင်က ရွှံ့နှစ်ရောင်ပေါက်ကာ နွံတွေ၊ နုန်းတွေ၊ ရွှံ့တွေ ပျော်ဝင်လျက် ပျစ်နှစ်နေကြသည်။

"ပေ့ာကောင်အောင်ရှိန်း ဟုတ်ရောဟုတ်ရဲ့လားကွ၊ မင်းဟာက" ဖိုးနီကမေးသည်။ "ငါပြောတဲ့အကြိမ်တွေလည်း များလှပြီ။ ဒါတောင် မင်းတို့ကမယုံသေးဘူး။ အခုဒီဝဲထဲကိုလိုက်လာတာကလည်း ငါလိုက်ချင်လို့မဟုတ်ဘူး။ မင်းတို့က အတင်းခေါ်လို့သာ လိုက်လာရတာ ... ငါ့ဟာ ငါဆိုရင် ခြေဦးတောင်မလှည့်ဘူးကွ။ သိရဲ့လား" အောင်ရှိန်းက ဒေါသနှင့်ပြော၏။

နေဝင်တော့မည်ဖြစ်၍ အလင်းရောင်တွေမှေးမှိန်လာနေပြီ။ မီးခိုးလုံးကြီးတွေကဲ့သို့ မည်းမည်းညစ်ညစ်တိမ်တိုက်မိုးသားတွေက ကာဆီးထားသဖြင့် နေဝင်တာစောတော့သည်။

မိုးက တစ်ဆက်တည်း နှစ်နာရီ၊ သုံးနာရီခန့်သည်းလိုက်၊ မောပန်းသွားဟန်နှင့် ခဏနားလိုက်နှင့်ရှိသည်။ ခပ်စောစောကတင် ခဏစဲသွားတာ မကြာသေး၊ နောက်တစ်ကြိမ် အားနှင့်မာန်နှင့်ရွာချရန် ပြင်ဆင်နေပြန်ပြီ။

ကမ်းပါးသောင်စပ်သည် မြင့်မောက်တက်လာသော ရေပြင်အောက်တွင် ပျောက်ကွယ်နေပြီဖြစ်၏။ ရေထဲတွင် တစ်ဝက်နစ်နေသော လမုပင်တွေ၊ သံဒတ်ပင်တွေ၊ ပျဉ်းမပင်တွေ လေတိုက်ရာဘက်သို့ ယိမ်းယိုင်လှုပ်ရှားနေကြသည်။

မြစ်ပြင်ထဲတွင် လှိုင်းလုံးတွေ ပွက်၍ပွက်၍ ထလာ၏။ လိမ့်၍ လိမ့်၍တက်လာ၏။ တစ်ဖက်ကမ်းနှင့်တစ်ဖက်ကမ်း ပျပျမှုန်မှုန်ကလေးသာ မြင်နေရသည့် မြစ်ကမ်းနှစ်ဖက်သည် လှိုင်းလုံးများ၏ထိပ်ဖျားဆီမှ လွင့်ပျံတက်နေသော ရေစက်ရေမွှားများကြောင့် ပို၍ရီဝေမှိုင်းမှုန်နေသည်။

တစ်လုံးပြီးတစ်လုံး ပြေးဝင်လာနေသော လှိုင်းများကို ဘေးတိုက်မခံဝံ့။ လှေဦးပေးကာ တောင်ခံနေရသဖြင့် ငါးဖမ်းလှေကလေးသုံးစင်းမှာ ဦးစိုက်ပဲ့ထောင် ဖြောင်းဆန်နေတော့၏။

ဝါးပိုးဝါးနှစ်လုံးကို ဘေးဘယ်ညာတွဲထားသည့် ဦးစံနက်ကျော်၏လှေကို အလယ်မှာထား၍ တစ်ဖက်တစ်ချက်စီတွင် တံငါလှေကလေးနှစ်စင်းကပ်၍ တွဲထား၍သာ လှိုင်းဒဏ်ကို ခံနိုင်နေခြင်းဖြစ်သည်။

တဖျန်းဖျန်း ကြဲပက်နေသော မိုးစက်များအောက်တွင် ငါးမျှားချိတ်ကြီး ဆယ်ချောင်းစီတွဲ၍ချထားသည့် လေးထောင့်သံပုံးကြီးငါးလုံးသည် ဝဲကတော့ကြီး၏ ဘေးဘက်ဆီမှာ အလိုက်သင့်မျောပါလျက်ရှိသည်။ သံပုံးတစ်လုံးနှင့်တစ်လုံးကို နိုင်လွန်ကြိုးများဖြင့် တွဲချည်ထားလေရာ မည်သည့်ငါးမျှားချိတ်မှာ မိသည်ဖြစ်စေ ထိုငါးသည် သံပုံးငါးလုံးစလုံးကို မြုပ်အောင် ဆွဲပြေးနိုင်မည်တော့မဟုတ်ချေ။

လှေသုံးစင်းပေါ်က လူခြောက်ယောက်တို့သည် မိုးဒဏ်လေဒဏ်ခံနိုင်ရန်အတွက် ခမောက်တွေကို မေးသိုင်းကြိုးတွေတင်းနေအောင် ချည်ထားရသည်။ မိုးရေစွတ်စွတ်စိုနေရသည့်အထဲမှာ လေသရမ်းကမွှေ့ယမ်းလေသောအခါ ခိုက်ခိုက်တုန်အောင်ချမ်းတုန်၍ နေကြပြီ...။ **ဆက်လက်ဖော်ပြပါမည်။**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၇၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၇၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၈၄၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၇၉၇ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း ထောပတ်ပဲ ၃၈၄၂ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၇၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံ တောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ သီးထပ်သီးညှပ်လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ထောပတ်ပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးအတွက် လိုအပ်သည့်နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါကြိုတင် ကာကွယ်ရေးအတွက် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲပုံ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့ကုန်မှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် ခါနန်-မလန်ခမ်း ကျေးရွာချင်းဆက်လမ်းပေါ်၌ သဲဖြန့်ခင်းနေမှု စစ်ဆေး

နမ့်စန် အောက်တိုဘာ ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်နယ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ခါနန်-မလန်ခမ်း ကျေးရွာချင်းဆက်လမ်းပေါ်၌ သဲဖြန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲခေါင်ထွန်း၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမင်းလတ်၊ လွိုင်လင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်သက်နိုင်၊ နမ့်စန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာ (မြို့ပြ) ဒေါ်ဝင်းပပမျိုးနှင့် တာဝန်ရှိသူများက ခါနန်-မလန်ခမ်း ကျေးရွာချင်းဆက်လမ်းပေါ်၌ သဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲခေါင်ထွန်းက လုပ်ငန်းများ အရည်အသွေးပြည့်မီကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ခါနန်-မလန်ခမ်း ကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁ သဒမ ၄ လက်မရှိ သဲဖြန့်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၀၄ သဒမ ၈၃၆ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဟင်္သာတ အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဟင်္သာတမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော်မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ စက်တင်ဘာလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ညှော်မထဆန်က အရောင်းအဝယ်ဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထားတင်ပို့ရောင်းချနေပါတယ်"ဟု ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။



ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# လေးမျက်နှာမြို့နယ် မရမ်းအိုင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

လေးမျက်နှာ အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရမ်းအိုင်ကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ VRFP စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူကျေးရွာသားများအနေဖြင့် VRFP စီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ သဒမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မရမ်းအိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး ကို ငွေကျပ် ၂၈ သဒမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅ သဒမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည သဒမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၄ သဒမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

# လှည်းကူးမြို့နယ် ဘားလားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဘားလားကျေးရွာ၌ ကျေးရွာအတွင်း လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန့်ဇော်လွင်၊ လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်း၊ လှည်းကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် တာဝန်ရှိသူများက ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဘားလားကျေးရွာအတွင်းရှိ လမ်းအရှည် ၄ သဒမ ၆၉၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က ကွန်ကရစ်လမ်းကို စံချိန်စံညွှန်းပြည့်မီစွာဖြင့်သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၉၅ သန်းဖြင့် YK Stars ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အထွေး

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

ခရီးသွားဆောင်းပါး

# မြင်စိုင်းကထွက် မြစ်သားသို့ဆက်

သက်နိုင်(ပြင်ဦးလွင်)

သီတင်းကျွတ်ရက်ရှည်ကျောင်းပိတ်ရက်အတွင်း ဘုရားဖူးရင်း၊ လေ့လာအပန်းဖြေရင်း ထွက်လာကြတဲ့ခရီးစဉ်မှာ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ပေါ်ကနေ ပြန်ဆင်းလာခဲ့ကြပါပြီ။ ပြင်ဦးလွင်မြို့ကနေ မနက်စောစောကတည်းက ထွက်လာခဲ့ကြပြီး ရွှေသာလျောင်းတောင်ပေါ်ကိုလဲ မနက်ပိုင်းအချိန်ကောင်းမှာ ရောက်ရှိလာကြတာကြောင့် ဘုရားဖူးမြော်ကြည်ညိုလို့ကောင်းနေသလို တောင်ပေါ်ကနေ တောင်အောက်မှာရှိနေကြတဲ့ ရှုခင်းအစုံစုံတွေကိုလဲ ကြည့်ရှုလေ့လာလို့ ကောင်းနေပါတယ်။ ရာသီဥတု အခြေအနေက ကြည်လင်သာယာနေတာကြောင့်လဲ ပိုပြီးအဆင်ပြေနေပါတယ်။ နေ့ရက်အချိန်က သီတင်းကျွတ်အဖိတ်နေ့ဖြစ်နေလို့ တောင်ဆင်း၊ တောင်တက် လမ်းတစ်လျှောက်နဲ့ ဘုရားရင်ပြင်တော်ပေါ်မှာ ဘုရားဖူးဧည့်သည်တွေနဲ့ စည်စည်ကားကားဖြစ်လို့နေပါတယ်။

တောင်ပေါ်ကနေအဆင်းခရီးမှာ လမ်းအနေအထားက အလွန်မတ်စောက်လွန်းနေတာကြောင့်ကော၊ အတက်အဆင်းဘုရားဖူးတွေနဲ့ ရှုပ်ထွေးနေတာကြောင့်ကော ကားကိုသတိကြီးကြီးထားပြီး မောင်းနေရတယ်။ ကားလမ်းက အတက်၊အဆင်း တစ်လမ်းထဲဖြစ်နေတာကြောင့်လဲ ပိုမိုသတိထားနေရတယ်။ မန္တလေးတောင်တက်ကားလမ်းနဲ့စာရင် အတက်အဆင်းအကွေ့အကောက်ပိုများပြီး ကြမ်းတမ်းနေပါတယ်။ ဒီလိုနဲ့မကြာခင်မှာ ကျောက်သင်္ဘောရှိတဲ့နေရာကို ရောက်လာခဲ့ကြတယ်။ ကျောက်သင်္ဘောရှိတဲ့နေရာမှာ တမာပင်အရိပ်တွေလဲရှိ၊ နားနေစရာကွပ်ပျစ်တွေလဲရှိနေတာကြောင့် ဘုရားဖူးတွေအတွက် အဆင်ပြေနေတယ်။ တမာပင်အရိပ်အောက်က ကွပ်ပျစ်တိုင်းမှာလဲ ဘုရားဖူးတွေနဲ့ ပြည့်နေပါတယ်။

ကျောက်သင်္ဘောဆိုတာက သင်္ဘောပုံသဏ္ဍာန်တည်ဆောက်ထားတဲ့ ကျောင်းတိုက်ကြီးတစ်တိုက်ပါ။ သင်္ဘောကြီးတစ်စီးပုံစံနဲ့လဲ အလွန်တူပါတယ်။ တော်ရုံတန်ရုံမသိတဲ့သူတွေအတွက်၊ ကလေးငယ်တွေအတွက် တကယ့်သင်္ဘောကြီးနဲ့ ထင်မှားနိုင်စေပါတယ်။ သင်္ဘောအောက်ခြေမှာတော့ ရေတွေရှိမနေပါဘူး။ တမာပင်အရိပ်တစ်ခုအောက်မှာ ကားကိုရပ်ပြီးတာနဲ့ ကျောက်သင်္ဘောပေါ်ကို တက်ရောက်လေ့လာကြရတယ်။ ကျောက်သင်္ဘောပေါ်ကိုရောက်တဲ့အခါ သင်္ဘောတစ်စီးလိုမဟုတ်တော့ဘဲ ကျောင်းတိုက်တစ်တိုက်ရဲ့သွင်ပြင်ကို တွေ့မြင်ရတယ်။ ကျောင်းတိုက်ကြီးတစ်တိုက်ရဲ့ သွင်ပြင်အဆင်တန်ဆာတွေဖြစ်တဲ့ ဗုဒ္ဓရုပ်ပွားတော် အမျိုးမျိုးအစုံစုံတွေ၊ ရှေးဆရာတော်ကြီးအဆက်ဆက်ရဲ့ ပုံတော်တွေ၊ တရားဓမ္မစာအုပ်စာပေတွေကို သူ့နေရာနဲ့သူ တွေ့မြင်ဖူးမြော်နေကြရတယ်။ လာရောက်လေ့လာဖူးမြော်နေကြတဲ့ ဘုရားဖူးဧည့်ပရိသတ်တွေ အနည်းငယ်များပြားနေပေမဲ့ ကျောင်းတိုက်ကြီးအတွင်းမှာ တိတ်ဆိတ်ငြိမ်သက်လို့နေတယ်။ ဒါပေမဲ့ဘုရားဖူးတွေက ကျောင်းတိုက်အတွင်းမှာထက် အပြင်ဘက်ကျောက်သင်္ဘောကြီးဝန်းကျင်နေရာအနှံ့အပြားမှာ ပိုမိုများပြားစည်ကားနေပါတယ်။ မိမိတို့မောင်နှမတစ်တွေက ကျောက်သင်္ဘောမှာ လေ့လာပြီးကြတာနဲ့ တောင်ဆင်းကားလမ်းအတိုင်း ဆက်လက်မောင်းနှင်ခရီးဆက်ခဲ့ကြတယ်။ လမ်းတစ်လျှောက်လုံးမှာတော့ ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်ပွဲတော်ကာလရဲ့ ထုံးစံအတိုင်း စည်စည်ကားကားဖြစ်နေဆဲပါ။

ရွှေသာလျောင်းတောင်ပေါ်ကနေ ဆင်းလာတဲ့အခါမှာလဲ ကျောက်ဆည်မြို့တွင်းကို ဝင်ရောက်ခွင့်မရဘဲ မြို့ရှောင်လမ်းရှိရာကို မောင်းလာခဲ့ရတယ်။ မြို့အတွင်းမှာ ဆင်ပွဲတော်ရှိနေတာကြောင့် လွှဲရှောင်မောင်းနေရတာဖြစ်ပါတယ်။ မြို့ရှောင်လမ်းတိုးဂိတ်တွေမှာ ကားကြီးကားငယ်တွေ စီတန်းရှည်လျားနေကြတယ်။ မြို့ရှောင်လမ်းကနေ မောင်းနှင်လာရတာကြောင့် ခရီးလမ်းကြောင်းလဲသင့်နေတာကတစ်ကြောင်း၊ ကျန်တဲ့မောင်နှမတွေအားလုံးနီးပါးက မြင်စိုင်းမြို့ဟောင်းကို မရောက်ဖူးကြသေးတာကတစ်ကြောင်းနဲ့မူလခရီးစဉ်ရဲ့ ရည်ရွယ်ချက်က လမ်းမှာ အလျဉ်းသင့်သမျှဘုရားစေတီတွေကို ဝင်ရောက်ဖူးမြော်သွားကြမယ်၊ အထင်ကရနေရာတွေကို သွားရောက်လေ့လာကြမယ်ဆိုတဲ့ ပြောဆိုတိုင်ပင်ထားမှုတွေရှိနေတာကြောင့် မြို့ရှောင်လမ်းမကြီးရဲ့ လမ်းဆုံတစ်ခုကိုရောက်တာနဲ့ မြင်စိုင်းမြို့ဟောင်းရှိတဲ့ ဘယ်ဘက်လမ်းကို ချိုးကွေ့ဝင်ရောက်မောင်းနှင်လိုက်ရတယ်။ လမ်းဆုံနဲ့မြင်စိုင်းမြို့ဟောင်းက ဘာမှမဝေးဖြစ်နေတာကြောင့် ကျောက်ဆည်မြို့နဲ့ လမ်းတစ်လျှောက်လုံးမှာ ဘုရားဖူးဧည့်သည်တွေ၊ ဆင်ပွဲလာရောက်သူတွေ၊ ဈေးရောင်းဈေးဝယ်တွေ စသဖြင့် သွားလာလှုပ်ရှားနေကြသူတွေ များပြားစည်ကားနေပေမဲ့ မြင်စိုင်းမြို့ဟောင်း နန်းဦးစေတီတော်မှာ ဘုရားဖူးဧည့်သည်တွေ မရှိသလောက်နည်းပါးနေပါတယ်။ ဒါ့ပြင် စေတီတော်ကြီးရဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတစ်ခွင်မှာလဲ လှုပ်ရှားသွားလာနေကြသူတွေမရှိဘဲ တိတ်ဆိတ်ခြောက်ကပ်လို့နေတယ်။ ရှေးတစ်ချိန် ပင်းယခေတ်တုန်းက ငါးစီးရှင်ကျော်စွာရေးဖွဲ့ခဲ့တဲ့ မြင်စိုင်းရွှေပြည်ကာချင်းကဗျာထဲကလို–



မြင်စိုင်းမြို့ဟောင်းရှိ နန်းဦးစေတီကို တွေ့ရစဉ် ။

"တာဝတိံသာ၊ နတ်ရွာလော၊ နတ်ရွာလော"ဆိုပြီး နတ်ပြည်တမျှ သာယာတင့်တယ်လှပမှုတွေ မရှိတော့ပါဘူး။ ပင်းယခေတ်အချိန်တုန်းကတော့ အလွန်သာယာဝပြောခဲ့မှာ သေချာပါတယ်။ "တောင်ထွတ်ဖျားဆီ၊ ရွှေစေတီ၊ သရီရဓာတ်စွယ်၊ သရီရဓာတ်စွယ်"ဆိုတာကတော့ အခုပြန်လည်တွေ့ရှိမွမ်းမံပြင်ဆင်ထားတဲ့ နန်းဦးစေတီတော်ကြီးကလွဲပြီး ကျန်တဲ့စေတီတွေကို အကောင်းအတိုင်းရွှေရောင်တဝင်းဝင်းနဲ့ မတွေ့မမြင်ရတော့ပါဘူး။ ဝန်းကျင်က တောင်ထိပ်၊ တောင်ဖျားလေးတွေမှာ စေတီငုတ်တိုလေးတွေလောက်ပဲ မြင်တွေ့နေရပါတော့တယ်။ "မြောက်စည်လတီး၊ ဝင်ခါနီး၊ စောထီးနန်းထက်ကျယ်၊ နန်းထက်ကျယ်။ သာသည့်မြေပြင်၊ စောနတ်ရှင်၊ နန်းခွင်ရှုတင့်တယ်၊ ရှုတင့်တယ်"ဆိုတဲ့အတိုင်း မြင်စိုင်းမြို့ရဲ့နန်းတော်ကြီးကိုလဲ မတွေ့မမြင်နိုင်တော့ဘဲ စိတ်ကူးနဲ့သာ မှန်းမျှော်မြင်ယောင် ကြည့်ရှုခံစားကြရတော့မှာပါ။ အရင်ခေတ်နဲ့ အခုခေတ် အခြေအနေအရပ်ရပ်တွေက အစစအရာရာ ပြောင်းလဲသွားခဲ့ကြပါပြီ။

စေတီတော်ကြီးမှာ ဘုရားဖူးဧည့်သည်တွေမရှိကြပေမဲ့ ချက်ပြုတ်လုပ်ကိုင်နေကြသူတွေကို တွေ့မြင်နေကြတယ်။ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့တွေအလိုက် သူ့နေရာနဲ့သူ အိုးကြီးအိုးငယ်တွေနဲ့ပါ။ ဘာလုပ်နေကြတာလဲ၊ ဘယ်အတွက်လဲဆိုပြီး စုံစမ်းမေးမြန်းကြည့်တော့ မနက်ဖြန်လပြည့်နေ့အတွက် ဧည့်သည်တွေကို ကျွေးမွေးဖို့ဖြစ်ကြောင်း သိလိုက်ရတယ်။ ငါးခြောက်ထိုး၊ ကုလားပဲနှပ်၊ ငရုတ်သီးဗာလချောင်ကြော်၊ ပဲတီချဉ်သုပ်၊ ဘူးသီးဟင်းခါးတွေနဲ့ ကျေးရွာတွေရဲ့ ထုံးတမ်းစဉ်လာ၊ ရိုးရာဓလေ့အတိုင်း ကျွေးမွေးဧည့်ခံကြမှာဖြစ်ပါတယ်။ သူတို့ပြောတဲ့ ငါးခြောက်ထိုးဆိုတာ တကယ့်လက်တွေ့ကျကျ ငါးခြောက်ထိုးပါ။ ပြုတ်ပြီးငါးခြောက်တွေကို မိုးပြဲဒယ်ကြီးထဲထည့်ပြီး ထန်းရွက်ရိုးတွေနဲ့ ကြေညက်အောင်ထိုးနေကြတာကို တွေ့မြင်နေရတယ်။

စေတီတော်ကြီးကို ဖူးမြော်ပြီးကြတာနဲ့ စေတီတော်ဝန်းကျင်နဲ့ ကျောက်စာရုံတွေမှာ လှည့်လည်လေ့လာကြည့်ရှုကြရတယ်။ သီတင်းကျွတ်အဖိတ်နေ့တော့ဘဲ ခရီးအနီးလေးပါ။ ဒါကြောင့်လဲ မကြာခင်မှာ မြင်စိုင်းမြို့ဟောင်းနန်းဦးစေတီရှိရာ အဝင်လမ်းထိပ်ကို ရောက်လာခဲ့ကြတယ်။

အဝင်လမ်းထိပ်ကနေ နန်းဦးစေတီကြီးကို မြင်တွေ့ဖူးမြော်နေကြရပါပြီ။ ဒါပေမဲ့ စေတီအဝင်ဆိုင်းဘုတ်ကိုဓာတ်ပုံရိုက်ကြ၊ မနီးမဝေးမှာရှိနေတဲ့ ကျုံးနဲ့မြို့ရိုးတွေကို လေ့လာကြည့်ရှုဓာတ်ပုံမှတ်တမ်းတွေရိုက်ယူကြပြီးတော့မှ စေတီရှိရာကို ဆက်လက်မောင်းဝင်လာခဲ့ရတယ်။ စေတီတော်အဝင်လမ်းက ကျောက်ချောလမ်းကျဉ်းလေးပါ။ လမ်းဘေးဝဲယာမှာ ဒေသခံတွေရဲ့ စိုက်ခင်းလေးတွေနဲ့အတူ ကန္တာရဆူးပင်တွေလဲ သဘာဝအလျောက် ပေါက်ရောက်နေကြတယ်။ အရင်တုန်းကတော့ မြို့ရိုးဟောင်းနဲ့ ကျုံးတွေက ကန္တာရဆူးပင်တွေအောက်မှာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရတယ်။ အခုအချိန်မှာ ပြန်လည်ဖော်ထုတ်ရှင်းလင်းစပြုနေပါပြီ။ ဒါပေမဲ့ စေတီတော်အဝင်ဝ ရှေ့မျက်နှာစာလောက်မှာပဲရှင်းလင်းဖော်ထုတ်နိုင်သေးပြီး ကျန်ဘေးပတ်လည်အများစုကို ရှင်းလင်းနိုင်ခြင်း မရှိသေးပါဘူး။

စေတီတော်ရှိရာကိုရောက်တာနဲ့ ကားရပ်နားကွင်းသစ်ပင်ရိပ်တစ်ခုအောက်မှာ ကားရပ်လိုက်ပြီး စေတီတော်ကြီးကို ဖူးမြော်ကန်တော့ကြရတယ်။ အရင်တုန်းက စေတီတော်ပေါ်ထိ တက်ရောက်ခွင့်ပြုထားပေမဲ့ အခုအချိန်မှာ ပိတ်ထားပါတယ်။ စေတီတော်က ထုထည်လဲကြီး၊ မြင့်လဲမြင့်မားသလို အထက်ပစ္စယာထိ လှေကားထစ်တွေရှိနေတယ်။ မြင်စိုင်းခေတ်မှာ တည်ထားတာဖြစ်လို့ ပင်းယ၊ အင်းဝ စတဲ့မြို့ဟောင်းတွေမှာရှိတဲ့ စေတီပုံတွေနဲ့ ပုံသဏ္ဍာန်ချင်းတူညီနေပါတယ်။ အဲဒီမြို့တွေမှာရှိတဲ့ စေတီတော်တွေမှာ အတက်လှေကားထစ်တွေပါဝင်နေလေ့ရှိကြတယ်။

မိမိတို့မောင်နှမတွေက စေတီတော်ကြီးအတွက် အလှူငွေတွေထည့်ရင်း ချက်ပြုတ်လုပ်ကိုင်နေကြတဲ့ လုပ်အားပေးတွေအတွက် လက်ဖက်ရည်သောက်၊ မုန့်စားကြရအောင်ဆိုပြီး မုန့်ဖိုးငွေတွေ ထပ်မံပေးအပ်တဲ့အခါ ဒေသထွက်ရခိုင်ငှက်ပျောသီးတွေကို လက်ဆောင်အဖြစ် ပြန်လည်ပေးလိုက်ကြပါသေးတယ်။ မိမိတို့ကလဲ ချက်တဲ့ပြုတ်တဲ့နေရာတွေမှာ ဝင်ရောက်ပြီး ကြက်သွန်နီအခွံခွာသူကခွာ၊ ငါးခြောက်ထိုးသူကထိုးနဲ့ တက်အားသရွေ့လုပ်အားကုသိုလ်တွေ ယူခဲ့ကြပြီးမှ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

မြင်စိုင်းမြို့ဟောင်း နန်းဦးစေတီရှိရာကနေ ကျောက်ဆည်မြို့ရှောင်၊ ခြောက်လမ်းသွားကွန်ကရစ်လမ်းမကြီးပေါ် ပြန်လည်ရောက်ရှိလာကြပါပြီ။ လမ်းမကြီးပေါ်မှာလဲ ကားတွေကိုတစ်စီတစ်တန်းတွေ့မြင်နေရတယ်။ ကားတန်းကြီးအတိုင်း တရွေ့ရွေ့မောင်းနှင်လာရင်းနဲ့ တစ်နေရာမှာ ပြိုင်ပွဲဝင်ဆင်အဖွဲ့တစ်ဖွဲ့ကို ၂၂ ဘီးတွဲကားကြီးနဲ့အတူ တွေ့မြင်လိုက်ရတာကြောင့် ကားကိုတဖြည်းဖြည်းမောင်းရင်း လေ့လာကြည့်ရှုခွင့်ရကြတယ်။ တွဲကားကြီးကိုလှပကောင်းမွန်အောင် အထူးပြင်ဆင်မွမ်းမံထားကြတာပါ။ ကားပေါ်မှာ ဝင်ရောက်ကပြယှဉ်ပြိုင်မဲ့ ဆင်အရုပ်ကြီးကိုလဲ တွေ့ရတယ်။ အဖွဲ့သူ၊ အဖွဲ့သားတွေကိုတော့ ကားပေါ်မှာ၊ ကားဘေးမှာ အသင်းတံဆိပ်ပါ တူညီဝတ်စုံတွေနဲ့ မြင်တွေ့နေရတယ်။ အားလုံးက ရွှင်ရွှင်လန်းလန်းတက်တက်ကြွကြွနဲ့ ဝင်ရောက်ယှဉ်ပြိုင်ဆင်နွှဲကြဖို့ အဆင်သင့်ဖြစ်နေကြပြီထင်ပါတယ်။ ကျောက်ဆည်ဆင်ပွဲဆိုတာ ရှေးအခါကာလတွေကတည်းက ကျော်ကြားထင်ရှားခဲ့ပါတယ်။ ကျောက်ဆည်ဆိုတာကလဲ ရှေးအခါပုဂံခေတ်ကတည်းက ကျောက်တွေနဲ့တည်ဆောက်ထားတဲ့ ဆည်ကြီးတွေရှိရာအရပ်ဒေသကို အစွဲပြုခေါ်ဆိုခဲ့ကြတာဖြစ်ကြောင်း မြို့သမိုင်းတွေအရ သိထားရတယ်။ ကျောက်ဆည်ကြီးတွေကိုတော့ အနော်ရထာမင်း (၁၀၄၄- ၁၀၇၇)လက်ထက်မှာ ဇော်ဂျီမြစ်ကိုရေလွှဲဆည်လေးခုပြုလုပ်ပြီး တူးမြောင်းတွေနဲ့အတူ တည်ဆောက်ထားခဲ့တာဖြစ်ပါတယ်။

စည်ကားရှည်လျားလှတဲ့ ကားတန်းကြီးနဲ့အတူ တရွေ့ရွေ့တလိမ့်လိမ့် မောင်းလာခဲ့ရင်း မြို့ရှောင်လမ်းကနေတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ကို ရောက်လာခဲ့ကြတယ်။ လမ်းဟောင်းပေါ်ကို ရောက်တာနဲ့ ကားတွေ၊ ယာဉ်တွေရှင်းသွားခဲ့ပါပြီ။ ရွှေသာလျောင်းတောင်ကြီးကိုတော့ အထင်းသားမြင်တွေ့နေရပါသေးတယ်။ ညအချိန်အခါဆိုရင် ဒီနေရာကနေ ရောင်စုံလျှပ်စစ်မီးတွေ တဝင်းဝင်းတလက်လက်နဲ့မြင်တွေ့ဖူးမြော်ခွင့်ရကြမှာပါ။ အခုချိန်မှာတော့ တောင်တန်းရှည်ကြီးနဲ့အတူ စေတီတော်ကြီးတွေ၊ ရုပ်ပွားတော်ကြီးတွေကိုပဲ နေ့အလှအဖြစ် ခံစားကြည့်ရှုကြရတယ်။ ဒီလို ရွှေသာလျောင်းတောင်ကြီးရဲ့ ညရှုခင်း၊ နေ့မြင်ကွင်း အစုံစုံတွေကို ကျောက်ဆည်မြို့အတွင်း ဝင်ထွက်သွားလာဖူးသူတိုင်း တွေ့ဖူး၊ မြင်ဖူး၊ ခံစားဖူးနေကြပါတယ်။ ဒါပေမဲ့ တောင်ပေါ်ထိရောက်အောင် တက်ရောက်လေ့လာ၊ ဘုရားဖူးမြော်ကြသူတွေကတော့ အလွန်နည်းပါးနေကြမှာပါ။ မိမိတို့မောင်နှမတွေကတော့ တောင်ပေါ်ကိုလဲ ရောက်ရှိပြီးခဲ့ပါပြီ။

အခုခရီးစဉ်က ရန်ကုန်-မန္တလေးလမ်းဟောင်းကနေ မြစ်သားမြို့ထိ ဆက်လက်သွားရောက်ကြမှာပါ။ မြစ်သားမြို့မှာ ဘုရားတွေဖူး၊ လေ့လာလည်ပတ်ကြပြီးမှ အမြန်လမ်းကနေတစ်ဆင့် ရှေ့ခရီးကို သွားရောက်ကြဖို့ စီစဉ်ထားကြတယ်။ ဒါကြောင့်လဲ လမ်းဟောင်းကနေ မြစ်သားမြို့ရှိရာကို ဆက်လက်မောင်းနှင်လာခဲ့လိုက်တယ်။ ကျောက်ဆည်မြို့နဲ့အတူ မြင်စိုင်းမြို့ဟောင်းကတော့ နောက်မှာကျန်ရစ်နေခဲ့ပါပြီ။ အခုအချိန်ထိတော့ မောင်နှမတွေအားလုံး အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် သာသာယာယာပါ။

# စနေနေ့ညရဲ့ ဥရောပထိပ်တန်းလိဂ်အသင်းတွေထဲက ပြိုင်ပွဲတွေဆက်တိုက်ယှဉ်ပြိုင်ကစားနေရတဲ့ ပဲလေ့စ်၊ အေတီကို၊ ဘိုင်ယန်မြူးနစ်အသင်းတို့ကို အားပေးရမှာပါ

M L




ဒီကြားရက်မှာ ထိပ်တန်းလိဂ်တွေက အသင်းတွေအနေနဲ့ ဥရောပပြိုင်ပွဲတွေ ခေတ္တရပ်နားထားပြီး ပြည်တွင်းလိဂ်ပြိုင်ပွဲအသီးသီးကို ဆက်တိုက်ယှဉ်ပြိုင်ကစားနေရတာပဲဖြစ်ပါတယ်။ အင်္ဂလန်မှာဆိုရင် ပရီးမီးယားလိဂ်အသင်းတွေအနေနဲ့ ခါရာဘောင်းဖလား စတုတ္ထအဆင့် ပွဲစဉ်တွေကို အာဆင်နယ်၊ မန်စီးတီး၊ လီဗာပူး၊ ဘရိုက်တန်၊ ဘရန့်ဖို့ဒ်၊ နယူးကာဆယ်၊ စပါးနဲ့ ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသလို အီတလီမှာဆိုရင်လဲ စီးရီးအေပွဲစဉ်တွေ၊ ပြင်သစ်မှာဆိုရင် လီဂူးဝမ်း အမှတ်ပေးပွဲစဉ်နဲ့ ဂျာမနီမှာဆိုရင် ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွေ ဆက်လက်ယှဉ်ပြိုင်ကစားနေကြတာဖြစ်ပါတယ်။ အဲဒီအသင်းတွေ အနေနဲ့ အခုရက်သတ္တပတ်မှာလဲ အမှတ်ပေးပြိုင်ပွဲတွေ ဆက်လက် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး အင်္ဂလန်မှာတော့ ပရီးမီးယားလိဂ်အပြင် အက်ဖ်အေဖလားပထမအဆင့်ကို စတင်ယှဉ်ပြိုင်ကစားကြမှာဖြစ်တာကြောင့် ပွဲစဉ်တွေများလာတာနဲ့အမျှ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေ များပြားလာနေသလို ကလပ်အသင်းတွေအနေနဲ့လဲ အခုရက်ပိုင်း အတွင်းပြိုင်ပွဲအသီးသီးအတွက် ရည်မှန်းချက်ကိုယ်စီတွေနဲ့ ယှဉ်ပြိုင် ကစားကြမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီကာလမှာ ပရိသတ်စိတ်ဝင်စား မှုမြင့်တက်လာနိုင်သလို ပြိုင်ပွဲအရပ်ရပ်တွေကြားထဲက အကောင်းဆုံး ဖြစ်လာနိုင်မဲ့ ပွဲစဉ်တစ်ချို့ကို လေ့လာသုံးသပ်ရွေးချယ်ပေးလိုက် ရပါတယ်။

## ပဲလေ့စ်အသင်းကို အားပေးရမှာပါ

နောက်ဆုံးလေးပွဲဆက်မှာ သုံးပွဲရှုံး၊ တစ်ပွဲသရေနဲ့ နိုင်ပွဲပျောက်ဆုံး ခဲ့ရတဲ့ ပဲလေ့စ်အသင်းအနေနဲ့ ပြီးခဲ့တဲ့ကြားရက် ခါရာဘောင်းဖလား စတုတ္ထအဆင့်မှာ လီဗာပူးအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။ သူတို့အသင်းအနေနဲ့ ဒီရာသီမှာ လီဗာပူးအသင်းနဲ့ သုံးကြိမ်တွေ့ဆုံထား ရာမှာ သုံးကြိမ်စလုံးအနိုင်ရရှိထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ပရီးမီးယား လိဂ်အမှတ်ပေးပြိုင်ပွဲမှာတော့ ပဲလေ့စ်အသင်းအနေနဲ့ အာဆင်နယ်နဲ့ အဲဗာတန်အသင်းတို့ကို ရှုံးနိမ့်ထားပြီး ယူရိုပါကွန်ဖရန့်လိဂ်မှာလဲ ဆိုက်ပရပ်ကလပ်အေအီးကေလာနာကာအသင်းကို ရှုံးနိမ့်ထားတာ ကြောင့် အသင်းရဲ့လက်ရှိစွမ်းဆောင်ပိုင်း ကျဆင်းနေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ ပဲလေ့စ်အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီ ပရီးမီးယားလိဂ် မှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့အပြင် လီဗာပူးအသင်းကို အနိုင်ကစားခဲ့တဲ့ ပွဲစဉ်ကြောင့်လဲ ကစားသမားတွေအနေနဲ့ စိတ်ဓာတ်တက်ကြွမှုနဲ့အတူ အခုပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရှာဖွေလာနိုင်ပါတယ်။ ဒါ့ပြင် နည်းပြ အိုလီဗာဂလက်စ်နာအနေနဲ့လဲ အိမ်ကွင်းမှာ ရှုံးပွဲထပ်မံမကြုံတွေစေဖို့ အကောင်းဆုံးပြင်ဆင်စုဖွဲ့မှုနဲ့ ဘရန့်ဖို့ဒ်အသင်းကို ယှဉ်ပြိုင်ကစားလာ ပါလိမ့်မယ်။

ဘရန့်ဖို့ဒ်အသင်းကတော့ ပရီးမီးယားလိဂ်ပွဲစဉ်ကိုးပွဲ ယှဉ်ပြိုင် ကစားအပြီးမှာ လေးပွဲနိုင်တစ်ပွဲသရေကျထားပြီး လေးပွဲထိ ရှုံးနိမ့် ထားပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိအမှတ်ပေးဇယားအဆင့်(၁၁) နေရာမှာရပ်တည်နေပြီး ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲဆက်လဲ အနိုင်ရရှိ ထားတာကြောင့် သူတို့အသင်းရဲ့အကောင်းဆုံးစွမ်းဆောင်ထားနိုင်မှု လို့ဆိုရမှာပါ။ ဒါပေမဲ့ ဘရန့်ဖို့ဒ်အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီ အဝေးကွင်းပွဲစဉ်တွေမှာတော့ ပွဲစဉ်လေးပွဲ ကစားထားပြီးချိန်မှာ နိုင်ပွဲ တစ်ပွဲသာရရှိထားပြီး လေးပွဲထိရှုံးနိမ့်ထားတာဖြစ်လို့ အဝေးကွင်း ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘူးလို့ ဆိုရမှာပါ။

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ဘရန့်ဖို့ဒ်အသင်းအနေ နဲ့ တစ်ကြိမ်သာရှုံးနိမ့်ထားပြီး ပြီးခဲ့တဲ့ဘောလုံးရာသီကလဲ နှစ်ကျော့ စလုံးဘရန့်ဖို့ဒ်အသင်းက အနိုင်ရထားပါတယ်။ ဒါ့ကြောင့် တွေ့ဆုံမှု အနေနဲ့ ဘရန့်ဖို့ဒ်အသင်းအသာရနေတယ်ဆိုပေမဲ့ အိမ်ကွင်းမှာ နိုင်ပွဲ ပြန်လည်ရရှိစေဖို့ အဘက်ဘက်က ဖိအားပေးကစားလာမဲ့ ပဲလေ့စ် အသင်းကိုပဲ အားပေးရမှာပါ။

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၂ | - | ၁ | ပဲလေ့စ် |
| ပဲလေ့စ် | ၃ | - | ၃ | ဘုန်းမောက် |
| ပဲလေ့စ် | ၀ | - | ၁ | အေအီးကေလာနာကာ |
| အာဆင်နယ် | ၁ | - | ၀ | ပဲလေ့စ် |
| လီဗာပူး | ၀ | - | ၃ | ပဲလေ့စ် |

**ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | မန်ယူ |
| ဘရန့်ဖို့ဒ် | ၀ | - | ၁ | မန်စီးတီး |
| ဝက်စ်ဟမ်း | ၀ | - | ၂ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၃ | - | ၂ | လီဗာပူး |
| ဂရင်းဘိုင် | ၀ | - | ၅ | ဘရန့်ဖို့ဒ် |

## အေတီကိုအသင်း ရလဒ်ကောင်းသွားမှာပါ

အေတီကိုနဲ့ ဆီဗီလာအသင်းတို့အနေနဲ့ စပိန်လာလီဂါပွဲစဉ်(၁၁) အဖြစ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ ကြားရက် လာလီဂါပြိုင်ပွဲမှာ နိုင်ပွဲကိုယ်စီရရှိခဲ့ကြပါတယ်။ အေတီကို အသင်းက လာလီဂါပွဲစဉ် (၁၀)မှာ အိမ်ကွင်းခြေစွမ်းပိုင်းမာကျောမှုရှိတဲ့ ဘက်တစ်အသင်းကို နှစ်ဂိုးပြတ်၊ ဆီဗီလာအသင်းက စပိန်ကိုပါဒယ် ရေးဖလားပြိုင်ပွဲမှာ အောက်တန်းကလပ် တိုလီဒိုအသင်းကို လေးဂိုး တစ်ဂိုးနဲ့ အသီးသီးအနိုင်ရရှိထားကြပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိမှာ လာလီဂါ ပွဲစဉ် ၁၀ ပွဲကစားအပြီးမှာ ငါးပွဲနိုင် လေးပွဲသရေ တစ်ပွဲရှုံးရလဒ်နဲ့အမှတ်ပေးဇယားအဆင့် (၄) နေရာမှာ ရပ်တည်နေပါ တယ်။ ဒါ့ပြင် ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာ အာဆင်နယ်အသင်းနဲ့ ယှဉ်ပြိုင် ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်တစ်ပွဲသာရှုံးနိမ့်ထားပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲ သရေရလဒ်ရရှိထားတာကြောင့် ဆီဗီလာအသင်းအနေနဲ့အခုပွဲစဉ်မှာ ရလဒ်ကောင်းဖို့ ခက်ခဲနေအုံးမှာပါ။

ဆီဗီလာအသင်းကတော့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိခဲ့ဘဲ လာလီဂါနောက်ဆုံးနှစ်ပွဲဆက်လဲ ရှုံးနိမ့်ထားပါ တယ်။ သူတို့အသင်းအနေနဲ့ မာယော့ကာအသင်းကို သုံးဂိုး တစ်ဂိုး၊ ဆိုစီဒက်အသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ရှုံးနိမ့်ထားပြီး အဲဒီပွဲစဉ်တွေမှာဆိုရင် သူတို့အသင်းအနေနဲ့ စွမ်းဆောင်ရည်ဆိုးရွားခဲ့တာကို တွေ့ရပါတယ်။ ဒါ့ပြင် လာလီဂါပွဲစဉ် ၁၀ ပွဲယှဉ်ပြိုင်ကစားအပြီးမှာ ရဂိုး ၁၇ ဂိုးနဲ့ ခံစစ်က ပေးဂိုး ၁၆ ဂိုးထိရှိနေတာကြောင့် လက်ရှိခံစစ်ပိုင်းဆိုးရွားနေတဲ့ အသင်းလို့ဆိုရမှာပါ။ နောက်ဆုံးပြိုင်ပွဲဖြစ်တဲ့ စပိန်ကိုပါဒယ်ရေးဖလားမှာ ဂိုးပြတ်နိုင်ပွဲရခဲ့တယ်ဆိုပေမဲ့ သူတို့အသင်းအနေနဲ့ အောက်တန်းလိဂ် အသင်းနဲ့သာ ယှဉ်ပြိုင်ကစားရတာဖြစ်လို့ ခြေစွမ်းပိုင်းအကောင်းဆုံး ပုံစံရနေပြီလို့ သတ်မှတ်လို့မရနိုင်ပါဘူး။

ဒီနှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုမှာ အေတီကိုအသင်းက နှစ်ကျော့စလုံးအနိုင်ရရှိထားသလို လက်ရှိခြေစွမ်းပိုင်းမှာလဲ အေတီ ကိုအသင်းအနေနဲ့ ဆီဗီလာအသင်းကို အဘက်ဘက်က အသာစီးရယူ ကစားနိုင်စွမ်းရှိနေပါတယ်။ ဒါ့ကြောင့် အခုပွဲစဉ်မှာလဲ အေတီကိုအသင်း ပဲ ရလဒ်ကောင်းသွားမှာပါ။

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၁ | အေတီကို |
| အေတီကို | ၁ | - | ၁ | အင်တာမီလန် |
| အေတီကို | ၁ | - | ၀ | အိုဆာဆူနာ |
| အာဆင်နယ် | ၄ | - | ၀ | အေတီကို |
| ဘက်တစ် | ၄ | - | ၀ | အေတီကို |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၀ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၄ | - | ၁ | ဘာစီလိုနာ |
| ဆီဗီလာ | ၁ | - | ၃ | မာယော့ကာ |
| ဆိုစီဒက် | ၂ | - | ၁ | ဆီဗီလာ |
| တိုလီဒို | ၁ | - | ၄ | ဆီဗီလာ |

## ဘိုင်ယန်မြူးနစ်အသင်းကို အားပေးရမှာပါ

ဒီနှစ်သင်းအနေနဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)အနေနဲ့ ယှဉ်ပြိုင်ကစား ကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်တွေမှာတော့ အသီးသီးနိုင်ပွဲရရှိထားကြပါ တယ်။ ဘိုင်ယန်မြူးနစ်အသင်းက ဂလာဘတ်အသင်းကို သုံးဂိုးပြတ်၊ လေဗာကူဆင်အသင်းက ဖရိုင်းဘတ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အသီးသီး အနိုင်ရရှိထားကြသလို ကြားရက်ပိုကယ်ဖလားပြိုင်ပွဲမှာလဲ သူတို့ အသင်းအနေနဲ့နိုင်ပွဲကိုယ်စီရရှိထားကြတာဖြစ်ပါတယ်။ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်ရှစ်ပွဲကစားပြီး ချိန်မှာ ရာနှုန်းပြည့်အနိုင်ရရှိထားပြီး တိုက်စစ်ပိုင်းအနေနဲ့လဲ သွင်းဂိုး ၃၀ ထိ ရှိထားတာကြောင့် အကောင်းဆုံးစွမ်းဆောင်ထားနိုင်တယ်လို့ ဆိုရမှာပါ။ ဒါ့ပြင် တိုက်စစ်မှူးဟာရီကိန်းအနေနဲ့လဲ လက်ရှိဘောလုံး ရာသီမှာ စံချိန်မှတ်တမ်းကောင်းတွေ ပိုင်ဆိုင်နိုင်တဲ့ထိ ခြေစွမ်းပြ ကစားထားနိုင်တာကြောင့် အခုလို ရလဒ်ကောင်းတွေ ပိုင်ဆိုင်နေတာဖြစ် ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားနိုင်ခဲ့တဲ့ နည်းပြကွန်ပနီအနေနဲ့လဲ အသင်းရဲ့ကစားသမားစုဖွဲ့မှုကို အကောင်း ဆုံးဖန်တီးထားနိုင်တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ အခုလို ရလဒ်ကောင်းတွေ ပိုင်ဆိုင်နေတာပဲဖြစ်ပါတယ်။

လေဗာကူဆင်အသင်းကတော့ နည်းပြကက်စ်ပါရဲ့ ကိုင်တွယ်မှု အောက်မှာ အသင်းရဲ့ခြေစွမ်းပိုင်းက ထက်မြက်မှုရှိနေဆဲပါ။ သူတို့ အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီအစပိုင်းမှာ ရလဒ်ပိုင်းရုန်းကန်ခဲ့ရ တယ်ဆိုပေမဲ့ နောက်ဆုံးငါးပွဲမှာတော့ လေးပွဲထိ အနိုင်ရထားပြီး ချန်ပီ ယံလိဂ်ပြိုင်ပွဲမှာ ပီအက်စ်ဂျီအသင်းတစ်သင်းကိုသာရှုံးနိမ့်ခဲ့တာပါ။ ယူနီ ယံဘာလင်၊ မိန့်ဇ်၊ ဖရိုင်းဘတ်အသင်းတို့ကို အနိုင်ကစားထားနိုင်ပြီး ဂျာမန်ပိုကယ်ဖလား ဒုတိယအဆင့်မှာလဲ ဘွန်ဒက်လီဂါ (၂) ကလပ် ပါဒါဘွန်းအသင်းကို လေးဂိုး နှစ်ဂိုးနဲ့ အနိုင်ကစားထားနိုင်တာဖြစ်လို့ သူတို့အသင်းရဲ့ခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန် နေဆဲဖြစ်တယ်လို့ ဆိုရမှာပါ။

ဒီနှစ်သင်းအနေနဲ့ လက်ရှိခြေစွမ်းပိုင်းကွာဟမှုမရှိခဲ့ဘူးဆိုပေမဲ့ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာတော့ ဘိုင်ယန်မြူးနစ်အသင်းက နှစ်ကျော့စလုံး အနိုင်ရရှိထားပါတယ်။ ဒါ့ပြင် ဘိုင်ယန်မြူးနစ်အသင်း အနေနဲ့လဲ လက်ရှိမှာ အသင်းလိုက်စွမ်းဆောင်ရည်အကောင်းဆုံး ပုံစံမှာရှိနေတာကြောင့် ဘိုင်ယန်မြူးနစ်အသင်းကိုပဲ အားပေးရမှာပါ။

**ဘိုင်ယန်မြူးနစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၀ | - | ၃ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၂ | - | ၁ | ဒေါ့မွန် |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၀ | ကလပ်ဘရူဂျ် |
| ဂလာဘတ် | ၀ | - | ၃ | ဘိုင်ယန်မြူးနစ် |
| ကိုလုံး | ၁ | - | ၄ | ဘိုင်ယန်မြူးနစ် |

**လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၂ | - | ၀ | ယူနီယံဘာလင် |
| မိန့်ဇ် | ၃ | - | ၄ | လေဗာကူဆင် |
| လေဗာကူဆင် | ၂ | - | ၇ | ပီအက်စ်ဂျီ |
| လေဗာကူဆင် | ၂ | - | ၀ | ဖရိုင်းဘတ် |
| ပါဒါဘွန် | ၂ | - | ၄ | လေဗာကူဆင် |

ဗုဒ္ဓံ ဓမ္မံ သံဃံ
35 CORNER ဈေးကြိုမှန်ဆိုင်
ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။
'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'
ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ
## (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၂၅၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက၂၅၄၀ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲကြီး ဧက ၃၅၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက၂၅၄၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်အတွင်း ပဲကြီး ဧက ၃၅၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ကူညီပံ့ပိုးပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကိုဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် အောက်တိုဘာ ၃၀**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပဲစင်းငုံ ၁၆ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်းပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ၅၅၀၀၀ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" လက်ရှိဈေးကွက်ထဲမှာ လက်ကျန်ပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ်ကောင်းလာပါတယ်။ ရေကြည်မြို့နယ်ကနေ ဒေသထွက်ပဲစင်းငုံတွေကို ဒေသပွဲရုံတွေကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကိုအဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကနေမှတစ်ဆင့် အခြားဈေးကွက်ကိုလဲ ပြန်လည်တင်ပို့ရောင်းချနေပါတယ်။ စက်တင်ဘာလထဲမှာ ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

အဆိုပါ ဒေသထွက် ပဲစင်းငုံများကို ရေကြည်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပဲစင်းငုံ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ထွက်ရှိသည့်ပဲစင်းငုံများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့်ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင် တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ မင်းတံတားရပ်၊ ၁၀/၁၃၉ နေ ဦးရဲထွန်းဦး + ဒေါ်မြသီတာတို့၏သား မောင်နိုင်ဦးကို (၉/မကန(နိုင်)၁၃၀၃၈၇)သည် မိဘစကား နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးရဲထွန်းဦး(၉/မတရ(နိုင်)၀၀၀၂၀၆)**

**ဒေါ်မြသီတာ(၇/ပခန(နိုင်)၀၁၁၁၄၀)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဝိဇ္ဇာရေတောရကျောင်းမှ ညရန(သ)၀၀၁၃၅၀ သာသနာဝင်မှတ်တမ်းကိုင်ဆောင်သူ ဦးသိဒ္ဓိတိက္ခ (ဘ) ဦးစိန်ဟန်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-428328179**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ရေသရောက်ကုန်းရွာနေ ဒေါ်မြမြရွှေ (ဘ) ဦးထွန်းရွှေ(၁၄/အဂပ(နိုင်)၀၈၃၀၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-420605757**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ပတ္တမြားရပ်ကွက်နေ ကျော်ဇေယျာထွန်း (ဘ) ဦးသောင်းတင်(၉/မကန(နိုင်)၀၇၇၁၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-263510)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402534312**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့၊ အထက(တံတားဦး)၊ Grade-4 မှ (ဘ) ဦးမင်းရှင်၏သား မောင်စိုးကိုကိုဝင်းအား မောင်စွမ်းသူရိန်အောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စွမ်းသူရိန်အောင်**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့၊ အထက(တံတားဦး)၊ Grade-4 မှ (ဘ) ဦးမင်းရှင်၏သား မောင်စိုးမောင်မောင်ဝင်းအား မောင်စွမ်းသူရိန်ဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စွမ်းသူရိန်ဖြိုး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အထက-၇ ကျောင်း၊ Grade-6 တန်းတွင် ပညာသင်ကြားနေသော မလရိပ်နဒီအောင်၏ ဖခင်အမည်မှန်မှာ ဦးဇင်မောင်မြင့်ဖြစ်ပါကြောင်း။

**ဦးဇင်မောင်မြင့်(၉/ခမစ(နိုင်)၀၃၁၉၉၀)**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

လက်ကိုဆပ်ပြာ (သို့မဟုတ်) Alcohol ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်ဖြင့် မကြာခဏစနစ်တကျဆေးကြောပါ။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန

### ပြည်ထောင်စုဂုဏ်ပြုဗိမာန် ဒီဇိုင်းရေးဆွဲခြင်းအတွက် စိတ်ဝင်စားသည့် လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြလွှာ (Expression of Interest - EOI) ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ အကျယ်အဝန်း(၃၀၀ ပေ x ၃၀၀ ပေ)ရှိသော ရင်ပြင်တွင်တည်ဆောက်မည့် ပြည်ထောင်စုဂုဏ်ပြုဗိမာန် အဆောက်အဦ(၆၃ ပေ x ၆၃ ပေ) တည်ဆောက်ရန်အတွက် အဆောက်အဦ ဒီဇိုင်းပုံစံရေးဆွဲတင်ပြရန် စိတ်ဝင်စားဆောင်ရွက်လိုသော Developer လုပ်ငန်းရှင်/ ကုမ္ပဏီများ အား စိတ်ဝင်စားမှုတင်ပြလွှာ (Expression of Interset - EOI) ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၇-၁၁-၂၀၂၅ ရက်၊ နံနက် (၁၀:၀၀)နာရီ

( ခ ) တင်ဒါလျှောက်လွှာပုံစံနောက်ဆုံးပိတ်မည့်ရက် -၂၉-၁၁-၂၀၂၅ ရက်၊ ညနေ (၁၆:၀၀)နာရီ

( ဂ ) တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်နေရာ -ညွှန်ကြားရေးမှူးချုပ်ရုံး အဆောက်အဦဦးစီးဌာန၊ ရုံးအမှတ်(၄၀)

၂။ EOI Form အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆောက်အဦဦးစီးဌာနသို့ မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားမိတ္တူများဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်းတယ်လီဖုန်းအမှတ်(၀၉-၇၇၅၁၅၈၆၇၉၊ ၀၉-၂၆၂၃၇၇၉၂၇)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

❖ တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုသည့် စကားနှင့်အညီ ဒီမြေမှာ မွေး၊ ဒီမြေမှာ ကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၁ ရက်တွင် ပြုလုပ်သော အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို တွေ့ဆုံ ဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များစုံလင်စွာဖြင့် စီစဉ်ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည် ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ဝတ်ရွတ်အသင်းများရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲနှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အလားတူ ညပိုင်းဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များနှင့် ဈေးဆိုင်ခန်းမျိုးစုံ စာမျက်နှာ ၂၂ ကော်လံ ၃ ☆

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများကို အထူးကုန်ရထားဖြင့် ပို့ဆောင်




**နေပြည်တော် အောက်တိုဘာ ၃၀**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစီအစဉ်ဖြင့် ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် စာမျက်နှာ ၂၂ ကော်လံ ၃ ○

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရခိုင့်ဦးဆောင်ပါတီ(Arakan Front Party - AFP)တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရခိုင့်ဦးဆောင်ပါတီ (Arakan Front Party – AFP)တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။

ရတနာပုံ

## ပင်လောင်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၄

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။


၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် စာမျက်နှာ ၂၂ ကော်လံ ၁ ❑




Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans, Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "
Phone No : (01) 2301367, 2301368, 2301452, 2301378